


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# တရားအားထုတ်တဲ့နည်း

(လှေသမား ဥပမာ)

(၁၇၊ ၁၊ ၅၉)

၁၃၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# တရားအားထုတ်တဲ့နည်း

(လှေသမား ဥပမာ)

(၁၇-၁-၅၉)

| | | |
|---|---|---|
| စာမူခွင့်ပြုချက် အမှတ် | - | ၁၂၃/၂၀၀၁ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၁၅၀ / ၂၀၀၁ (၃) |
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၃၀၀၀ |
| ခုနှစ် | - | ၂၀၀၁ ခုနှစ်၊ မတ်လ |
| တန်ဖိုး | - | (        ) |

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရား ၁၃ိနှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# တရားအားထုတ်တဲ့နည်း

(လွှေသမားဥပမာ)

(၁၇. ၁. ၅၉)

တရားအားထုတ်တဲ့နည်းလေးကို ပေးချင်တယ်တဲ့၊ တရားအားထုတ်တဲ့ နည်းလေးပေးချင်တယ် ဦးခင်မောင်တို့ နော်. . . (မှန်လှပါဘုရား)။

တရားအားထုတ်တဲ့နည်းကိုလည်း ဘုန်းကြီးက ပေးတယ်ဆိုတာလည်း တစ်ဆင့်ပေးလို့ မှတ်ပါ။ ဘယ်က ရသတုံး လို့မေးလို့ရှိရင် ရှင်သာရိပုတ္တရာဆီက ရတယ်လို့ မှတ်ထား . . (မှန်လှပါ)။

## တရားအားထုတ်တဲ့နည်း

တရားအားထုတ်တဲ့နည်းကို ပေးလိမ့်မယ်၊ တရားအားထုတ်တဲ့နည်းဟာ ဒကာ ဒကာမတွေ၊ မိလိန္ဒမင်းကြီးက မေးလိုက်တယ်။ အရှင်ဘုရားယောဂီပုဂ္ဂိုလ်များ နိဗ္ဗာန်အရောက်၊ ဒုက္ခချုပ်ငြိမ်းရုပ်သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်အရောက်အားထုတ်လို့ ရှိရင်ဖြင့် ဘယ်လိုအားထုတ်ရမှာတုံး။

အားထုတ်နည်းလေးကို အမိန့်ရှိပါလို့ မိလိန္ဒမင်းကြီးက မေးလို့၊ ရှင်နာဂသိန်က ဖြေလိုက်ပါတယ်။

သူ့အဖြေကလည်း အားလုံး ဒကာ ဒကာမတွေ မှတ်ပါ။ လက်ျာရံ ရှင်သာရိပုတ္တရာဆီက နည်းယူပြီးတော့ ဖြေတဲ့အဖြေလို့ မှတ်ရမယ်. . . (မှန်လှပါ)။

အဲတော့ အင်မတန် ခြေမြစ်တဲ့ တရားအားထုတ်နည်းလို့ ဒကာ ဒကာမတွေ မှတ်ဖို့ပေါ့ဗျာ။ ခြေမြစ်တဲ့တရားအားထုတ်နည်း၊ ခြေမြစ်တဲ့ တရားအားထုတ်နည်းဆိုတော့-

ဥပမာသူပြတယ်၊ ဥပမာဘယ်လိုပြသတုံးဆိုလို့ရှိရင်၊ သူများဆီမှာ အခစား အလုပ်လုပ်တဲ့လူတစ်ယောက်ရှိတယ်။ ကိုယ့်လျှော့ပိုင်မဟုတ်ပဲနဲ့ လျှော့ပို့နေတဲ့လူတစ်ယောက်ရှိတယ်။

## လျှော့ပို့သမား

လျှော့ပိုင်မဟုတ်ဘဲနဲ့ လျှော့ပို့နေတဲ့လူ၊ သူ့ဟာသူ အခ

စားပို့ပေ့ါဗျာ. . . (မှန်လှပါ) လှေတော့ သူပိုင်ရဲ့လား. . . (မပိုင်ပါဘူးဘုရား)

မပိုင်ပေမယ့်လည်း သူသည်ကားလို့ဆိုရင် နေ့တွက်နဲ့ ပို့နေတဲ့ လူတစ်ဦးတစ်ယောက် ရှိတယ်ထဲ့။ အဲဒီလို အမှုလုပ် တစ်ယောက်ရှိပါတယ် ဒကာကြီးတဲ့။

အဲဒီ အမှုလုပ် ပုဂ္ဂိုလ်ဟာတဲ့ သူဟာ လှေပေါ်မှာ လူတွေတင် ပစ္စည်း ပရိဘောဂတွေတင်ပြီး သကာလ သူ ပို့ရ ရှာတယ်။

ပို့ရရှာတော့ ဒီလိုအခစားပို့တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လို စိတ်ထားရှိသတုံးဆိုတော့၊ ဩော်. . . ငါ့မှာ ဒီလှေတော့ဖြင့် မပျောက်မပျက် မပေါက်မဆွေးရအောင်၊ လှေ၏ အရိပ်အကဲ ကို ဘယ်နေရာမှ မသိမရှိရအောင်၊ လှေ၏အရိပ်အကဲတွေ ကို အကုန်ငါသိအောင်လုပ်ပြီး၊ လူတွေကို စောင့်ရှောက်ပြီး သကာလ ဒီကုန်တွေကို ပို့ရမှာပဲဆိုတော့. . .

လှေကို သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ပို့ရာမှာ ဒီလှေကောင်းမှ ဒီလှေကမှ သူ့ကို ထမင်းကျွေးတဲ့ အလုပ် လုပ်နေတာ၊ သူ့ထမင်းကျွေးနေတာ ဒီလှေပဲဆိုရင် လွဲသလား . . . (မလွဲပါဘူးဘုရား)။

## သူ့ထမင်းအိုးကွဲမယ်

ဒီလှေက ထမင်းကျွေးပြီး သကာလနေတော့၊ ဒီလှေ ချို့ယွင်းချက်ရှိသွားလို့ လှေကို အစောင့်အရှောက် ညံ့ဖျင်းသွားမယ်ဆိုရင် လှေပျက်မယ်၊ လှေပေါက်မယ်၊ လှေကွဲမယ်ဆိုလို့ရှိရင် အားလုံး ဒကာ ဒကာမတွေ၊ သူထမင်းအိုးကွဲမယ်ဆိုတာ လောကထုံးစံအတိုင်း အတော်သေချာတယ်. . . (သေချာပါတယ်ဘုရား)

မသေချာဘူးလား. . . (သေချာပါတယ်ဘုရား) သူထမင်းအိုးကွဲသွားလိမ့်မယ်ဆိုတော့၊ ဒီအခစားပို့တဲ့ လှေသမားသည် ဒကာ ဒကာမတွေပဲ စဉ်းစားပါ၊ လှေအပေါ်မှာ သတိထားမယ် သူ့လှေအပေါ်မှာလေ. . . (မှန်လှပါ)။

မထားကြပေဘူးလား. . . (ထားပါတယ်ဘုရား) လှေအပေါ်မှာ သတိထားရလိမ့်မယ်။ ဒကာ ဒကာမတို့ မထိမခိုက်အောင်ပေါ့ဗျာ. . . အတော်လေး စောင့်ရှောက်ရမယ်ဆိုတာက ကေန်ပေါ့ဗျာ။

အဲတော့ လှေအပေါ်မှာ သတိ၊ ပညာ သူလက်လွှတ်သေးရဲ့လား. . . (မလွှတ်ပါဘူးဘုရား) ဒီနေရာက နည်းနည်းလေး အနာရှိမယ်ဆိုရင်လည်း ဒီနေရာပြင်ဆင်လို့၊ ဒီနေရာထိခိုက်မယ်ဆိုရင် ဒီနေရာရှောင်လို့။

## သတိပဉ္စာအမြဲထားရတယ်

အား ! တစ်ခါတည်း သူ့လှေကို ဘူထမင်းကျွေးနေတဲ့ အသက်သခင်လိုဖြစ်ပြီးသကာလနေတော့၊ သတိပညာနဲ့ ဘယ်တော့မှ မမေ့မလျော့ဘဲနဲ့ ဟိုဘက်ရောက်အောင်ခတ်၊ ဟိုဘက်က ဒီဘက်ရောက်အောင်ခတ်ဆိုတော၊ လှေအပေါ်မှာ ဖြင့် သူသတိပညာ အမြဲထားလိမ့်မယ်ဆိုတာ ဒကာ ဒကာမ တွေ ယုံကြည်ထိုက်တယ်. . . (မှန်လှပါဘုရား)။

ဒီလှေနဲ့ အသက်မွေးနေတာကိုးဗျ. . . (မှန်လှပါ) သဘောကျကြပလား. . . (မှန်လှပါ)။

ဒါဖြင့် လှေသမားသည် လှေအပေါ်၌ သတိပညာ ဘယ်အချိန်များ လွတ်သေးသကုး. . . (မလွတ်ပါဘူး ဘုရား)

ဘာ့ကြောင့် မလွတ်ပါလိမ့်မတုံးလို့ အမေးထုတ်ခဲ့ သော် ဒကာ ဒကာမတွေ လှေကထမင်းကျွေးလို့ မဆိုနိုင် ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်သူက ထမင်းကျွေးတုံး. . . (လှေကထမင်း ကျွေးလို့ပါဘုရား) အဲတော့ သူ့အသက်သခင်လဲ ဖြစ်နေတော့ ကို သတိပညာနဲ့ ဒီလှေကို မကွဲအောင်၊ မပေါက်အောင်၊ မရှုအောင် အလုံးစုံအကုန် စောင့်ရှောက်လိမ့်မယ်ဆိုတာ ဒကာ ဒကာမတို့ ငြင်းဆန်ဖို့ လိုသေးသလား. . . (မလိုပါဘူး ဘုရား)။

## နိဗ္ဗာန်ရောက်ချင်ရင်

အဲဒီအတိုင်းပဲတဲ့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို ဒကာ ဒကာမတွေ ရောက်ချင်လို့ရှိရင်ဖြင့်၊ ကျုပ်တို့က ခန္ဓာကို ခန္ဓာက လှေနဲ့တူတယ်နော်၊ ယောဂီပုဂ္ဂိုလ်က အခစား လှေသမားနဲ့တူတယ်။

ခန္ဓာက ဘာနဲ့တူတုံး. . . (လှေနဲ့တူပါတယ်ဘုရား) ယောဂီပုဂ္ဂိုလ်က. . . (အခစားလှေသမားနဲ့ တူပါတယ်ဘုရား) အခစားလှေသမားနဲ့ တူတယ်ဆိုတာ ဒကာ ဒကာမတွေ အသေအချာမှတ်ထားပါ။

## ခန္ဓာကြီးကဘာနဲ့တူပါလိမ့်

ခန္ဓာကြီးက ဘာနဲ့တူပါလိမ့်. . . (လှေနဲ့တူပါတယ်ဘုရား) အေး. . . ခန္ဓာအိမ်စောင့်ရှောက်နေရတဲ့ ပုဂ္ဂိုလ်က (အခစားလှေသမားနဲ့ တူပါတယ်ဘုရား) အခစား လှေသမားနဲ့တူတယ်ဆိုတာ ဒကာ ဒကာမတွေ သဘောကျလား. . . (ကျပါတယ်ဘုရား)။

အဲတော့ ဒီခန္ဓာကြီးကို သတိပညာထားပြီးသကာလ ခင်ဗျားတို့ ကြည့်နေပါနော်။ သတိပညာနဲ့ ကြည့်နေပါ။ ဘာလုပ်ရမတုံး. . . (သတိပညာနဲ့ ကြည့်ရမှာပါဘုရား)။

သတိပညာနဲ့ ကြည့်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ အင်း

ဒီခန္ဓာကြီးကို သတိပညာနဲ့ ကြည့်ပြီး သကာလ နေပြီဆိုမှဖြင့် ဒီခန္ဓာကြီးကပဲ ဒုက္ခအဆုံးပို့မယ်တဲ့ ဒကာ ဒကာမတို့ လှေသမား ထမင်းကျွေးသလိုနော် (မှန်လှပါ)။

## ခန္ဓာကြီးက ဒုက္ခအဆုံးပို့လိမ့်မယ်

လှေသမားလှေက ထမင်းကျွေးသလို၊ ခန္ဓာကြီးကပဲ ခင်ဗျားတို့ကို ဒုက္ခအဆုံးပို့လိမ့်မယ် (မှန်လှပါ) ခန္ဓာကြီးကပဲ ဒုက္ခအဆုံးပို့မယ်တဲ့ ဒကာဒကာမတို့ (မှန်လှပါ)။

ဟ ဘယ့်နှယ့် ခန္ဓာကြီးက ဒုက္ခအဆုံးပို့မတုံးဆိုတော့၊ လှေသမား ဘယ်သူကြောင့် ထမင်းရသတုံးမေးတော့ ဘယ့်နှယ်ဖြေကြ. . . (လှေကြောင့်ထမင်းရပါတယ်ဘုရား)။

လှေကို စောင့်ရှောက်မှုရှိနေတဲ့အတွက်နော်၊ ကျုပ်တို့နိဗ္ဗာန်ရောက်မှုကလဲ . . . . . (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ထမင်းဝတာပေါ့ဗျ. . . (မှန်လှပါ)၊ တဏှာရှိလို့ ဆာလောင်မွတ်သိပ်နေတာမို့လား . . . (မှန်လှပါဘုရား)။

တဏှာမရှိရင်ဘယ် ပုဂ္ဂိုလ်မဆိုဝနေတယ်ဆိုတာဖြင့် ငြင်းဆန်နေဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား)။

ခင်ဗျားတို့ ခု တစ်နေ့လာလည်း ဈေးထွက်တဲ့

ပုဂ္ဂိုလ်ကလည်း ဈေးထွက်တာပဲ၊ ဘာဖြစ်လို့မပျင်းသတုံးလို့ မေးရင် တဏှာရှိနေလို့ မဝသေးလို့ ဆိုထိုက်ပလား . . (ဆိုထိုက်ပါတယ်ဘုရား)။

အင်း အရောင်းအဝယ်လုပ်တဲ့ ပုဂ္ဂိုလ်ကဖြင့်၊ လခစားလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း တစ်နေ့လုပ်ပြီး တော်ရောပေါ့၊ တစ်လလုပ်တော်ရောပေါ့၊ ဘယ့်နှယ်ကြောင့် မတော်သေးပါလိမ့်မတုံးလို့ မေးလို့ရှိရင် မဝသေးလို့၊ မဝတာက ဘယ်သူပါလိမ့်ဗျာ. . (တဏှာပါဘုရား)၊ ရိပ်မိကြပလား. . (မှန်ပါ့)။

မဝတာဘယ်သူပါလိမ့်. . (တဏှာပါဘုရား)။ အင်း ဘယ်သူဘယ်သွားပြန်သတဲ့၊ ဘာကိစ္စနဲ့ ဘာအရောင်းအဝယ်နဲ့၊ ဩော် မဝလို့သွားရှာတယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## မဝသေးတာ ငတ်သေးလို့

ဘယ်သူအရောင်းအဝယ် မဖျက်နိုင်သေးဘူးဆိုတာ ကော. . . (မဝသေးလို့ပါဘုရား)။ မဝသေးလို့ရှိရင်ဖြင့် ငတ်သေးလို့ တိုတိုပြောတော့ ဘယ့်နှယ့်တုံး. . . (ငတ်သေးလို့ပါဘုရား)၊ ငတ်သေးလို့။

ငတ်သေးလို့ဆိုတာ ဒကာ ဒကာမတွေ မဝသေးတာ

နဲ့တော့ ထူးသေးသလား. . . (မထူးပါဘူးဘုရား)။

အဲဒါကြောင့် ဒီထဲ ဒကာ ဒကာမတွေ ဝတဲ့ ဒကာ ဒကာမများပါသလားဆိုတော့ ကိုယ်လုံးကြီးတာထည့်မပြောနဲ့ ရိပ်မိပလား. . (မှန်ပါ)၊ ကိုယ်လုံးကြီးတာ ထည့်မပြောနဲ့. . .

ဆာလောင်မွတ်သိပ်တဲ့ တဏှာကိစ္စပြီးပလား၊ ဝပလားလို့မေးလို့ရှိရင် ဒီထဲမှာ အလုပ်ရပ်စဲနေတဲ့ ပုဂ္ဂိုလ် ပါသလား. . . (မပါပါဘူးဘုရား) အခင်ရပ်စဲနေတဲ့ပုဂ္ဂိုလ်. . . (မပါပါဘူးဘုရား)။

အကြောင်းပြရပ်စဲနေတဲ့ပုဂ္ဂိုလ်. . . (မပါပါဘူး ဘုရား)၊ စိုးရိမ် ရပ်စဲနေတဲ့ပုဂ္ဂိုလ်. . . (မပါပါဘူးဘုရား). ဆာလောင်မွတ်သိပ်ပြီးတရားနာလာနေတာပေါ့. . . (မှန်လှ ပါဘုရား)။

## ဘာတွေတရားလာနာနေတုံး

ဘာတွေတရားလာနာနေတုံး . . . (ဆာလောင်မွတ် သိပ်ပြီးတရားနာလာနေတာပါဘုရား)၊ တယ် ကျက်သရေမ ရှိတဲ့တရားပွဲပါလား . . . ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

ဘာမရှိတဲ့ တရားပွဲပါလိမ့် . . . (ကျက်သရေမရှိတဲ့ တရားပွဲပါဘုရား) သေသေချာချာကြည့်တော့ ဒီဥစ္စာ

လာနိုင်ကြတာ၊ သွားနိုင်ကြတာ တပည့်တော်တို့သည် တရား နာဖို့ကိုပဲ ကားလေးတွေဘာလေးတွေ အတော်ရှာပြီး စီစဉ် ထားရတယ်ဘုရားလို့ ခင်ဗျားတို့က ချမ်းသာလို့ လာနိုင် တယ်ထင်နေ. . .

ဘယ်ဟုတ်မတုံး ငတ်လို့လာနေတာ. . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။ ဘာတွေလာနေကြ တုံး . . . (အငတ်တွေပါဘုရား)။

ဘာပြုလို့တုံးဆိုတော တစ်နေ့မှ ကိုယ့်ကိစ္စနဲ့ စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ရလိုမှုကိစ္စရပ်စဲတယ်လို့ ရှိရဲ့လား . . . (မရှိပါ ဘူးဘုရား) ဝပြီလားသူ. . . (မဝပါဘူးဘုရား)။ မဝဘူး ဆာတုန်းပဲ. . . (ဆာတုန်းပါဘုရား) ဟုတ်ပလား။

ဆာလို့ပဲ အလုပ်တွေဆက်လက်ပြီး အိုလည်းလုပ်နိုင် တယ်၊ နာရင်ကော. . . (လုပ်နိုင်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဗျ. . . (ငတ်လို့ပါဘုရား) ရိပ်မိပလား . . ရှင်းပလား . . . (ရှင်ပါပြီဘုရား)။

ဒါဖြင့် ဒီထဲတရားနာနေတဲ့ ဒကာ ဒကာမတွေဟာတဲ့ အငတ်ပြတ်တွေလား၊ အငတ်တန်းလန်းနဲ့ပဲလားလို့မေးရင် ဘယ့်နှယ်ဖြေကြပါ့. . . (အငတ်တန်းလန်းနဲ့ပါဘုရား)။

## တဏှာသေမှ၊ အငတ်ပျောက်မယ်

ဘယ်တော့မှပျောက်ပါ့မတုံး ဦးခင်မောင်၊ ပျောက်စရာမြင်သေးသလား . . . (မမြင်ပါဘူးဘုရား)။ ဘယ့်နှယ့်မမြင်ရမတုံးဗျ၊ တဏှာသေရင် အငတ်ပျောက်တာပေါ့. . . ရိပ်မိပလား။

တဏှာမသေသေးရင် ဦးဘအုန်းကြီးဘာတုံး . . . (အငတ်မပျောက်ပါဘုရား). အငတ်မပျောက်ဘူး၊ တဏှာသေလို့ရှိရင်. . . (အငတ်ပျောက်ပါတယ်ဘုရား)။

အဲတော့ စီးပွားရှိ မရှိကလိုရင်းမဟုတ်ဘူး၊ သဘောကျကြလား၊ တဏှာသေမှုမရှိသေးတဲ့ ပုဂ္ဂိုလ်ဟာ သိန်းတစ်ရာချမ်းသာနေလဲ အငတ်မပြတ်သေးပါဘူး၊ ရှင်းပလား . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၊ ခုနက လေ့သမားသည် ကားလို့ဆိုလို့ ရှိရင်၊ လေ့ကိုသတိပညာနဲ့ အမြဲစောင့်ရှောက်ခြင်းကြောင့် သူကျေးဇူးမခံစားရဘူးလား . . . (ခံစားရပါတယ်ဘုရား)။

သူထမင်းစားမှု၊ ဝမှု မကြုံရဘူးလား . . . (ကြုံရပါတယ်ဘုရား)။ ဒီမှာလဲ ဒကာ ဒကာမတို့၊ ခန္ဓာကိုယ်ကြီးကိုသာ အခစားလေ့သမားသဖွယ် ကြည့်ရှုပြီး သကာလနေပြီဆိုမှဖြင့်တဲ့၊ ကျုပ်တို့ အငတ်ပျောက်တဲ့ နိဗ္ဗာန်ကို

အသေအချာရောက်မယ် ရှင်းပလား . . (မှန်လှပါ)။

ဘယ်ရောက်မယ်. . . (အငတ်ပျောက်တဲ့ နိဗ္ဗာန်ပါဘုရား). နိဗ္ဗာန်ဆိုတာ အငတ်ပျောက်တဲ့ ပုဂ္ဂိုလ်မှ ရောက်နိုင်တာဗျ. . . ငတ်နေတဲ့ပုဂ္ဂိုလ်က (မရောက်နိုင်ပါဘူးဘုရား)။

## တဏှာချုပ်မှနိဗ္ဗာန်

ငတ်နေတာက သမုဒယသစ္စာမို့လား . . (မှန်လှပါ) သူဖြစ်နေတဲ့ ပုဂ္ဂိုလ်ဘယ်တော့ရောက်မတုံး . . (မရောက်ပါဘူး)။ တဏှာနိရောဓော နိဗ္ဗာနံ။

တဏှာနိရောဓော- တဏှာဖြတ် ဝါ - တဏှာချုပ်ခြင်းသည်၊ နိဗ္ဗာနံ-နိဗ္ဗာန်သည် ဟောတိဖြစ်၏။ ဟုတ်ပလား. . . (ဟင်ပ့်)။ တဏှာချုပ်မှ ဘာတဲ့ . . . (နိဗ္ဗာန်ပါဘုရား)။

ငတ်နေတဲ့ ပုဂ္ဂိုလ်. . . (မရောက်ပါဘူးဘုရား)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဦးခင်မောင် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အားလုံး ဒကာ ဒကာမတွေဘာ၊တုံး . . (ရှင်းပါတယ်ဘုရား)၊ ဘယ်လိုများရှင်းကြတုံးဗျ၊ အငတ်ပျောက်မှသာလျှင် . . . (နိဗ္ဗာန်ပါဘုရား)၊ ငတ်တာကဘယ်သူ့သတ္တိတုံး . . . (တဏှာသတ္တိပါဘုရား)။

အေးဒါဖြင့် အစက်ပျောက်ချင်လို့ရှိရင် လှေသမား မှာ လှေကြီးကြောင့် သူ့မှာထမင်းစားပြီး အစက်ပျောက် ရတယ်နော် . . လှေက ရွက်ဆောင်ပေးလို့ မဟုတ်လားဗျာ . . . (မှန်ပါ့)။

သူ့မှာ ထမင်းစားဖို့ ပြည့်စုံမသွားဘူးလား . . . (ပြည့်စုံပါတယ်ဘုရား)။ ဒီမှာလည်း ဒကာ ဒကာမတို့၊ ကိုယ့်မှာလည်း ခန္ဓာကိုယ်လှေကြီးကို သတိပညာနဲ့သာကြည့် ပြီးသကာလနေကြမယ်ဆိုရင်ဖြင့်၊ အစက်တို့၏အဆုံးသတ် ရာဖြစ်တဲ့ နိဗ္ဗာန်ကို ဒီလှေကပဲ ခန္ဓာလှေကြီးကပဲ ခင်ဗျား တို့ကို ရွက်ဆောင်ပေးလိမ့်မယ်. . . (မှန်လှပါ)၊ သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

ခန္ဓာကိုယ်လှေကြီးကပဲ ရွက်ဆောင်ပေးပါလိမ့်မယ်. (မှန်ပါ့)၊ ဒါဖြင့် လှေသမားက လှေကို မျက်ခြည်မပြတ် မကြည့်ဘူးလား. . . (ကြည့်ပါတယ်ဘုရား)။

## ခန္ဓာကိုယ်ကို မျက်ခြည်မပြတ်ကြည့်ပေးပါ

ဒါဖြင့် ခင်ဗျားတို့က ခန္ဓာကို မျက်ခြည်မပြတ် ကြည့် ပေးပါတဲ့။ သတိပညာနဲ့နော်၊ မျက်ခြည်မပြတ်ကြည့်လိုက်တဲ့ အခါကျတော့၊ ဒီထဲမှာလောဘလေးပေါ်လာလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ လောဘပဲဖြစ်ပျက်ရှုချ. . . (မှန်ပါ့)။ သဘောကျပလား. . . (မှန်ပါ့)။

သူ့ကိုစိုက်ကြည့်နေတာကိုးဗျ. . . (မှန်ပါ့) ဒေါသကလေးပေါ်လာရင်ကော. . . (ဒေါသကိုဖြစ်ပျက်ရှုရမှာပါဘုရား) ဒေါသလေးကိုဖြစ်ပျက်ရှု။

မောဟလေးပေါ်လာရင်. . . (မောဟလေးကို ဖြစ်ပျက်ရှုရမှာပါဘုရား) အင်း သိချင်တဲ့စိတ်ကလေးပေါ်လာရင် (သိချင်တဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုရမှာပါဘုရား)။

အင်း နားထောင်ချင်တဲ့စိတ်ကလေးပေါ်လာတယ် (နားထောင်ချင်တဲ့စိတ်ကို ဖြစ်ပျက်ရှုရမှာပါဘုရား) အင်း ဒီနေရာလေးကပူတယ်ဆိုရင် ပူမှန်းသိတဲ့နေရာ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲ ဖြစ်ပျက်ရှု ပူတဲ့တေဇောလေးဖြစ်ပျက်ရှုကြ၊ ဒီနေရာကတော့ အေးသွားတယ်ဆိုလို့ရှိရင် အေးတဲ့တေဇောလေးကို. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှု ခန္ဓာကိုယ်ထဲတေဇောလေးကိုဟုတ်လား။

ဒီနေရာလေးက ဟိုနားရွေ့သွားတယ်ဆိုလို့ရှိရင် လုပ်နေတုန်းကို လှုပ်တဲ့ဝါယောလေးကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဟိုနေရာကျတော့ ငြိမ်သွားတယ်ဆိုတော့ ငြိမ်တာလေးကို. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ကဲ ခန္ဓာကိုယ်လျှော်ကြီးကို သတိပညာနဲ့ ထားကြည့်

နေစမ်းပါ။ ဦးဘအုန်း ကျေနပ်ပလား . . . (ကျေနပ်ပါတယ် ဘုရား)။

ခန္ဓာကိုယ် လှေကြီးကို ဘာနဲ့ကြည့်မတုံး . . . (သတိပညာနဲ့ ကြည့်ရမှာပါဘုရား) လှေသမား လှေကို စောင့်ရှောက်တာ ခင်ဗျားတို့ ရိပ်မိပလား . . . (ရိပ်မိ ပါတယ်ဘုရား)။

သူ့ ထမင်းရှင်ဗျ . . . (မှန်ပါ့) ဟင်းရှင်ဗျ၊ လှေက ထမင်းဟင်းတွေ သူကကျွေးနေတာ . . . (မှန်ပါ့) သူကကျွေးလို့ လှေသမားမှာ ထမင်းဝတယ်ဆိုတာ ဒီလှေ သူမစောင့်ရှောက်ပေဘူးလား . . . (စောင့်ရှောက်ပါတယ် ဘုရား)။

ဘယ်နည်းနဲ့မှ ဒီလှေကို ငုတ်နဲ့လည်း မထိရအောင်၊ အင်း သောင်နဲ့လည်း မတိုက်ရအောင်၊ အမျိုးမျိုး အဖုံဖုံ စောင့်ရှောက်မှုတွေ လုပ်လိမ့်ဦးမယ်ဆိုတဲ့ ဥစ္စာ၊ ဦးဘတင်တို့ ရည်ရွယ်ချက်အတိုင်းလဲ ပြည့်စုံအောင်တော့ သူစောင့် ရှောက်မှာပဲ . . . (မှန်လှပါဘုရား)။

ကိုမြရွှေတို့ မစောင့်ရှောက်ပေဘူးလား . . . (စောင့်ရှောက်ပါတယ်ဘုရား) ဘာဖြစ်လို့တုံးဗျ သူ့ထမင်း ကျွေးနေတာ ဒီလှေသာ ပျက်စီးသွားမယ်ဆို သူက အစား ဆိုတော့ မငတ်ပေဘူးလားဗျာ . . . (ငတ်ပါတယ်ဘုရား)။

အဲ့တော့ ဝတ်မှာကြောက်လို့ သူသည်ကားလို့ဆိုရင်၊ သတိပညာနဲ့ ဒီလှေကို စောင့်ရှောက်သလို၊ ခင်ဗျား တို့လည်း တစ်ခါတည်း ဝသွားလောက်အောင်၊ မငတ် ရအောင်၊ ဒီခန္ဓာကိုယ်ကြီးကိုသာလျှင် ပေါ်လာတဲ့ ဓမ္မ ရုပ်ပေါ် ရုပ်ရှုပေါ့ဗျာ။

နာမ်ပေါ်ရင် . . . (နာမ်ရှုမှာပါဘုရား) နာမ်ရှု၊ ဝေဒနာပေါ်ရင် (ဝေဒနာရှုမှာပါဘုရား) စိတ်ပေါ်လာရင် . . . (စိတ်ရှုပါဘုရား)။

အင်း ဒုက္ခ သစ္စာလေးပေါ်လာရင် . . . (ဒုက္ခသစ္စာ ရှုပါဘုရား)။ ရှုစရာ နေရာ ဒကာ ဒကာမတွေ၊ သတိ ပညာ နဲ့သာ ဒီခန္ဓာကြည့်နေမယ်ဆိုလို့ ရှိရင်ဖြင့် ပေါ်လာတာ ရှုစရာချည့်မှတ် . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (ပေါ်လာတာ ရှုစရာ ချည့်ပါဘုရား) ပေါ်လာတာ ရှုစရာချည့် အသေအချာမှတ်ပါ ဒကာ ဒကာမတို့ ဘယ်လိုမှတ်ကြမယ် . . . (ပေါ်လာတာ ရှုစရာချည့်ပါဘုရား)။

ဒါဖြင့် မပေါ်ဘဲနဲ့ နေလို့ရှိရင်တော့ သေမှာပဲ ခင်ဗျားတို့. . . (မှန်လှပါ) ဦးဝင်း. . . (မှန်ပါ့) မပေါ်ဘဲ နဲ့နေရင်. . . (သေမှာပါဘုရား)။

တစ်ခုခုတော့ ပေါ်နေရမယ်. . . (မှန်ပါ့) မပေါ်ရပေဘူးလား. . . (ပေါ်ရမှာပါဘုရား)။

ကဲဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ အင်း ဘယ်တရားရှုရပါ့မတုံး ဘုရားဆိုတော့ ခုလို ရှင်နာဂသိန်က ဖြေလိုက်တယ်၊ လှေစောင့်ရှောက်သလို စောင့်ရှောက်နေလို့ ရှိရင် ကွာတဲ့ ဒီထဲက ဘာပေါ်လာတယ်၊ ဘာပေါ်လာတယ်၊ ဘာပျောက်သွားတယ်၊ ဘာပေါ်လာတယ်၊ ဘာပျောက်သွားတယ်။

အဲဒါ မြိုင်မြိုင်ဆိုင်ဆိုင်လေး ပေါ်တိုင်းကြည့်နေမယ်ဆိုလို့ရှိရင်ဖြင့် တဲ့၊ မင်းတို့ ဒုက္ခအဆုံး ရောက်ပါလိမ့်မယ် . . . (မှန်ပါ့)။

ရှေးက ဒုက္ခတွေ မဟောပေဘူးလား . . . (ဟောပါတယ်ဘုရား) ဟောတော့ ခင်ဗျားတို့သည်ကားလို့ ရှိရင်ဖြင့်တဲ့၊ ဒီလှေကြီးကပဲ အငတ်ပြဿနာကို ကာကွယ်ပေးတဲ့ သဘောသို့ ရောက်သလိုပေါ့ဗျာ. . . (မှန်လှပါ)။

ခန္ဓာကိုယ်ကြီးကလည်း ခင်ဗျားတို့ တဏှာဆာလောင်မှု အငတ်ပြဿနာကို ပျောက်အောင်တော့ဖြင့်တဲ့ သတိပညာက လုပ်မပေးပေဘူးလား . . . (လုပ်ပေးပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဟုတ်အလုပ်သမားနဲ့

ယောဂီပုဂ္ဂိုလ်နဲ့ တူရမယ် . . . (မှန်လှပါဘုရား)။

အထည်ဝတ္ထုနဲ့ ကြည့်စရာ ဝတ္ထုပစ္စည်းနဲ့ တူရမယ်. . . (မှန်ပါ့) ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သဘောပေါက်ပလား . . . (ပေါက်ပါတယ်ဘုရား) ဒါဖြင့် အိမ်ကျတော့ ထိုင်ထိုင်၊ ဘယ်နေရာပဲ ထိုင်ထိုင်၊ ခန္ဓာကိုယ် ဘယ်ဟာများ ဝိပဿနာ ရှုရပ့ါမတုံးလို့ ဘုန်းကြီးကိုလာလျှောက်ဖို့မလိုတော့ဘူး. . . (မှန်ပါ့)။

## ခန္ဓာကိုယ်ကြည့်ပြီးပေါ် ရာကိုရှုပါ

ဒကာ ဒကာမတို့ ခန္ဓာကိုယ်သာကြည့်နေနော်၊ ပေါ် ရာရှုလိုက်တော့. . . (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမယ်. . . (ပေါ် ရာသာရှုရမှာပါဘုရား)။

ခန္ဓာကိုယ်တော့ကြည့်နေပေါ့ဗျာ. . . (မှန်ပါ့) ပေါ် ရာရှုလိုက်တဲ့အခါကျတော့၊ စားချင်တဲ့စိတ်ကလေးပေါ် လာတယ်၊ အင်း ဒီစိတ်ကလေးဟာ ခုပေါ် ခုမှပေါ်ပြီး လာတာ၊ အခုပျက်သွားတာပဲလို့ ရှုရုံပဲရှိတယ်. . . (မှန်လှပါ)

အိပ်ချင်တဲ့စိတ်ကလေးပေါ် လာရင် (ခုပေါ်ပြီး ခုပျက် ပါတယ်ဘုရား) အခုပေါ် တဲ့တရားလေး အခုပျက်သွားတာ ပဲဆိုတော့ ဦးခင်မောင်မသေချာလား. . . (သေချာပါတယ် ဘုရား)။

အင်း ဒီထဲကနေပြီးသကာလ၊ အင်းချွေးသုတ်ချင်တဲ့ စိတ်ကလေးပေါ်လာရင်ကော ဘယ့်နှယ်လုပ်ကြမတုံး. . . . (ခုပေါ် ခုပျက်ပါတယ်ဘုရား) ချွေးသုတ်ချင်တဲ့စိတ်ကလေး ကိုပဲ ရှုပေးရုံပဲ . . . (မှန်လှပါ)။

ကိုယ့်ဝမ်းထဲမှာ ပေါ်တာလေးတွေ ဟုတ်လား၊ အယားဖျောက်ချင်တဲ့စိတ်ကလေးပေါ်လာရင်ကော၊ အယား ဖျောက်ချင်တဲ့စိတ်ကလေးပဲ၊ အဲ ဖြစ်ပျက်ရှုရုံပဲဆိုတော့။

သူ့ကို ခန္ဓာကိုယ်ကြီးကိုသာ သတိပညာနဲ့ကြည့်ပြီး သကာလနေကြမယ်ဆိုရင်ဖြင့်၊ ခန္ဓာကိုယ်ကြီးက ကျုပ်ဟာ တခြားအောက်မေ့မနေပါနဲ့၊ ကျုပ်ဟာ ဒုက္ခသစ္စာကြီးပဲလို့ ခဏ ခဏ ပြောမယ်. . . (မှန်ပါ့)။

ဘယ်လိုပြောမယ်ထင်တုံး. . . (ဒုက္ခသစ္စာကြီးလို့ ခဏ ခဏပြောမှာပါဘုရား) ဒုက္ခသစ္စာကြီးပဲလို့ ခဏ ခဏ ပြောလိမ့်မယ်ဆိုတာ ယုံကြည်ကြပလား. . . (ယုံကြည်ပါ တယ်ဘုရား)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်သည် ဘယ်အချိန်ဘာပြောမယ် ထင်ကြတုံး . . . . (အချိန်တိုင်း ဒုက္ခသစ္စာပါဘုရား) အချိန်တိုင်း ဒုက္ခသစ္စာ ပြောလိမ့်မယ် ဆိုတာ မှားစရာရှိသေးသလား. . . (မရှိပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဤအကြောင်းတွေကို

ဘယ်သူကပြောပါလိမ့်မလဲ. . . (ခန္ဓာကပြောပါတယ်ဘုရား) ခန္ဓာကြီးက ပြောမယ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်အချိန်ပြောမှာလဲ. . . (အချိန်တိုင်းပြောမှာပါဘုရား) အဲ့ဒါ မပြောချင်အောင်သာ ဒကာ ဒကာမတွေက မနေပါနဲ့လို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့)။

ဘယ်လိုသတိပေးပါလိမ့် . . . (မပြောချင်အောင်သာ မနေရပါဘုရား) အဲတော့ မပြောချင်ယောင်ဆောင်နေလို့ရှိရင်ဖြင့် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလို့ ခန္ဓာကိုယ်ကြီးက ကျုပ်ဟာ ခဏပေါ်ပြီး ခဏပျက်နေပါတယ်။

စိတ်ကပေါ်လည်း ကျုပ်ဟာဖြစ်ပျက်ပါပဲ၊ ရုပ်ကပေါ်လာရင်ကော. . . (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ပါပဲ ဖဿကပေါ်လာရင်ကော (ဖြစ်ပျက်ပါဘုရား)။

## ကျုပ်ဟာဖြစ်ပျက်ပါပဲ

ဝေဒနာလေးတွေက ဘယ်ဝေဒနာပေါ်ပေါ်ပြီးတော့ ဘယ်လိုအစီရင်ခံသွားတုံး. . . (ဖြစ်ပျက်ပါဘုရား) ကျုပ်အနိစ္စပါပဲ၊ ဖြစ်ပျက်ပါပဲ၊ တာဝန်ခံမသွားဘူးလား . . . (ခံပါတယ်ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အင်း ဘယ်စိတ်လာလာ ဒကာ ဒကာမတို့၊

သူတို့က ဘယ်လိုတာဝန်ခံသွားတုံး. . . (ဖြစ်ပျက်ပါဘုရား) အဲ့ဒါကို သတိပညာလေးနဲ့ကြည့်နေလို့ ရှိရင်ဖြင့်၊ ခင်ဗျားတို့ ဒုက္ခဆုံးပါလိမ့်မယ်. . . (မှန်ပါ့)။

ဘာဖြစ်လို့ ဒုက္ခဆုံးပါလိမ့်မယ်လို့ ရှင်နာဂသိန်က ပြောရသတုံးဆိုတော့၊ အို ဒုက္ခမမြင်သေးလို့ ဒုက္ခမသိမ်းနိုင်ကြတာ. . . ရှင်းပလား. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ဒုက္ခမမြင်သေးလို့ ဒုက္ခမသိမ်းနိုင်သေးတာပါဘုရား) ဒုက္ခသိမ်းမှာပဲဆိုတာ သဘောကျပလား. . . (မှန်ပါ့)။

## အခစားလေ့သမားလိုသာကြည့်

ကဲ ဒါဖြင့် ဒကာ ဒကာမတို့၊ ရှင်နာဂသိန်က အခစားလိုသာကြည့်ပါ၊ အခစားလေ့စောင့်ရှောက်သလို ဟုတ်လား. . . (မှန်ပါ့)။

ကျုပ်တို့ ယောဂီပုဂ္ဂိုလ်ကလည်း၊ ခန္ဓာကိုယ်သတိပညာနဲ့သာ စောင့်ရှောက်ပြီးသကာလ နေမယ်ဆိုလို့ ရှိရင်ဖြင့်၊ သူကဖြင့် အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ဒါတွေချည့် ဟောနေမှာပဲ။

ဘာတွေဟောနေမယ်ထင်တုံး . . . (အနိစ္စ လက္ခဏာ ဒုက္ခသစ္စာ) ဒါမှတစ်ပါး သူဟောစရာများ ရှိသေးသ

လား . . . (မရှိသေးပါဘူးဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေက မယုံလို့ရှိရင် ခင်ဗျားတို့ရထားတဲ့ ပါဠိတော်သာကြည့်လိုက်၊ သဗ္ဗေ သင်္ခါရာ အနိစ္စ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ၊ သဗ္ဗေဓမ္မာ အနတ္တ ဆိုတာ ဒီခန္ဓာကိုယ်တစ်ကိုယ်လုံးကို ဆိုနေတာ။ သူများ ဆိုတာ ဟုတ်သေးရဲ့လား . . . (မဟုတ်သေးပါဘူးဘုရား)။

## ကျုပ်ဟာဒုက္ခသစ္စာပါပဲ

အဲတော့ သူကဘာပြောရမလဲ၊ ခန္ဓာကိုယ်ကြီးက ဘာပြောမလဲလို့ဆိုတာသာ၊ ခင်ဗျားတို့က စောင့်ကြည့် နေလို့ ရှိရင်ဖြင့်၊ ကျုပ်ဟာ ဒုက္ခသစ္စာပါပဲဆိုတဲ့ အပြောပဲ သူပြောမယ် . . . (မှန်ပါ)။

ဒီပြင် ဘာများ ပြောမယ်ထင်တုံး . . . (မပြောပါဘူး ဘုရား)၊ ဒကာ ဒကာမတွေ ခန္ဓာကိုယ်က ဘာများပြောလိမ့် မယ်ထင်တုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲလို့ မပြောပေဘူးလား . . . (ပြောပါ တယ်ဘုရား) အင်း - သူက ဒုက္ခသစ္စာပဲလို့ ပြောတော့၊ ကျုပ်တို့က ဟုတ်ပါ ပေတယ်လို့ခေါင်းညိတ် ရုံလေးများ ပျင်းဖို့ မလိုပါဘူး . . . (မလိုပါဘူးဘုရား)။

လိုသေးသလား . . . (မလိုပါဘူးဘုရား)- သူက

ဘယ်လိုပြောတုံး (ဒုက္ခသစ္စာလို့ ပြောပါတယ်ဘုရား)- ဒုက္ခသစ္စာပဲလို့ ပြောတော့ ကျုပ်တို့က ဟုတ်ပါပေရဲ့ လိုက်ရုံပဲ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ သူက ဒုက္ခသစ္စာပဲ၊ ကျုပ်တို့က ဩဘ် သူကဖြစ်ပြီး ပျက်တဲ့ဥစ္စာ၊ ကျုပ်ဖြင့် ဖြစ်ပြီး ပျက်ပါပြီ၊ ကျုပ်ဖြင့် မွေးပြီးသေပါပြီ၊ ကျုပ်ဖြင့် ခဏဆို ခဏဖြစ်ပြီး ခဏ ပျက်ပါတယ်လို့၊ ခန္ဓာကိုယ်ကြီးကတော့ မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

အဲဒီလိုဆို ပြောတဲ့အခါကျတော့၊ ကျုပ်တို့က ဩဘ် ခဏဖြစ် ခဏပျက်တာ တခြားလား အောက်မေ့ နေတယ်၊ မိမိလို့ ထင်မှတ်မှားနေတာ ကြီးပါလား . . . (မှန်လှပါ) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မိမိလို့ထင်မှတ်မှားနေတာပါ လားဆိုတာ သဘောကျကြပလား. . . (ကျပါတယ်ဘုရား) မိမိဖြစ်ခဲ့သော် ခဏဖြစ် ခဏပျက် . . . ရလာပါ့မလား . . . (မလာပါဘူး ဘုရား)။

## မိမိသဘောအတိုင်းမနေကြရ

မိမိဖြစ်ခဲ့သော် မိမိသဘောအတိုင်း . . . (မှန်ပါ့) မနေပေဘူးလား . . . (နေပါတယ်ဘုရား) အခုကော့

မိမိသဘောအတိုင်း နေကြရဲ့လား (မနေပါဘူးဘုရား)။

မနေတော့ ဒီဥစ္စာသည်၊ မိမိသဘောနဲ့ နည်းနည်းမှ နှီးနှောလို့ မရတဲ့၊ သူ့ ဒုက္ခနဲ့သူ နေတဲ့သဘော၊ ဒုက္ခသစ္စာ သဘောဟာ သူတစ်ပါး မငဲ့ဘူး . . . (မှန်ပါ့) ငဲ့သေးရဲ့လား . . . (မငဲ့ပါဘူးဘုရား)။

ဒုက္ခက= ဆင်းရဲတာ၊ သစ္စာက= မှန်တာ၊ ဆင်းရဲ အမှန်က ဘယ်သူ့ သန္တာန်မှာရောက်ရောက်၊ ဆင်းရဲ အမှန်ပဲ ပြမယ် ရှင်းပလား . . . (မှန်ပါ့)။

ဆင်းရဲအမှန်သည် ဘယ်သူ့ သန္တာန်ရောက်ရောက် ဘာပြမယ်ထင်တုံး . . . (ဆင်းရဲ အမှန်ပါဘုရား) ဆင်းရဲ အမှန်ပဲပြမယ်ဆိုတာ ဒကာ ဒကာမတွေ ငြင်းဆန်ဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

အဲတော့ ခင်ဗျားတို့ အသာလေး စောင့်ကြည့်နေ၊ ထိုင်ပြီး စောင့်ကြည်နေ၊ စောင့်ကြည့်နေလို့ ရှိရင်ဖြင့်၊ ဖျတ်ဆိုတစ်ခုခု ပေါ်လာမှာပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ့)။

## ဝိပဿနာထိုင်နည်းပေးနေတာ

မပေါ်လာပေဘူးလား . . . (ပေါ်လာပါတယ် ဘုရား) - အသေအချာ စဉ်စားမိကြရဲ့လား . . . ဒါ၊

ဝိပဿနာထိုင်နည်းကို နည်းပေးနေတာ၊ ခင်ဗျားတို့ ထိုင်တဲ့ အခါကျ လို့ရှိရင်၊ ခန္ဓာထဲက အမျိုးမျိုးသော နည်းမှာလည်း ပြောစရာတွေ ရှိပြားသော်လည်း၊ ပထမတစ်ချက် မိလိုက်မှ နောက် ဟာတွေမိမှာနော် . . . (မှန်ပါ)။

ပထမတစ်ချက် မမိလိုက်ရင် . . . (နောက်ဟာတွေ မမိပါဘူးဘုရား)။ အဲတော့ ပထမတစ်ချက် သည်ကားလို့ ဆိုရင်ဖြင့်၊ ခင်ဗျားတို့ ထိုင်ပြီး သက္ကာယဖျတ်ဆို စိတ်ကူး လေး တစ်ခု အရင်ဆုံး ပေါက်လာတယ်။

ဘာရှုရပ့်ါမလဲဆိုတဲ့ စိတ်ကူးတော့ မလာပေဘူးလား . . . (လာပါတယ်ဘုရား) အဲတော့ ဘာရှုရမလဲလို့ ဆိုတဲ့ စိတ်ကူးလေးဟာလဲ အရင်က ရှိတာလား၊ ခုမှပေါ် လာတာလား . . . (အခုမှ ပေါ်လာတာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဘာရှုရပ့်ါမလဲဆိုရင်

ဘာရှုရပ့်ါမလဲဆိုတဲ့ စိတ်ကူးကလေး မလာဘူးလား . . . (လာပါတယ်ဘုရား) အဲဒီ စိတ်ကူးကလေးဟာ အရင်ကရှိသလား၊ အခုမှပေါ်လာတာလား . . . (အခုမှ ပေါ်လာတာပါဘုရား)။

ဒါခန္ဓာကိုယ်ထဲက ပြလာတာဗျ . . . (မှန်လှပါ ဘု

ရား) အင်း ဘာရှုရပ့်ါမလဲ၊ ထိုင်တော့ထိုင်ပြီ ဘုန်းကြီးက လည်း စောင့်ထိုင်၊ ထိုင်နေပါဆိုလို့ ခန္ဓာကိုယ်ကြီး စောင့်ကြည့် နေရမယ်ဆိုလို့ စောင့်ကြည့်နေ တာပဲ။

ဘာရှုရပ့်ါမလဲ ဆိုတာလေးတော့ မလာပေဘူးလား . . . (လာပါတယ်ဘုရား) အဲဒါကိုခင်ဗျာတို့က ရှုပစ်လိုက် . . . (မှန်လှပါဘုရား)။

ဘာရှုရပါမလဲဆိုတဲ့ စိတ်ကလေးဟာ၊ နောက်ကနေ ကြည့်လိုက်၊ ဘာရှုရပ့်ါမလဲ ဆိုတဲ့စိတ်ကလေးဟာ ခုတော့ ဖြင့်ပေါ်တော့ပေါ်လာပြီ ရှိမရှိပြန်တွေးစမ်း. . . (မရှိပါဘူး ဘုရား)။

## ဝိပဿနာအရှုခံလာတာ

မရှိလို့ရှိရင် သူကဝိပဿနာ အရှုခံလာတာလို့ မှတ်ပေတော့ (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်. . . (ဝိပဿနာ အရှုခံလာတာပါဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်သုံး သပ်တာသူပဲမဟုတ်လား. . . (မှန်ပါ့) ခန္ဓာကိုယ် သတိပညာနဲ့ သုံးသပ်နေတယ်၊ သူ ဝိညာဏက္ခန္ဓာသုံးသပ်ချလိုက်တယ်. . . (မှန်ပါ့)။

ဘာသုံးသပ်ချလိုက်တုံး . . . (ဝိညာဏက္ခန္ဓာ သုံးသပ်ချလိုက်ပါတယ်ဘုရား)။

ဝိညာဏက္ခန္ဓာဆိုတော့၊ စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ သုံးသပ်ပြီးသကာလ ချလိုက်တာဆိုတာကော ဒကာ ဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

အဲ ဒါဖြင့်သူ့ပဲရှုနေပေါ့ဗျ. . . (မှန်ပါ့) ဒို့ဘယ်ဟာ ဘာရှုရပါ့မလဲ၊ စိတ်ကလေးဟာ ခုမှပေါ်လာတယ်၊ ခုပျက်သွားပြီလို့ နောက်ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ သူ ရှိသေးရဲလား. . . (မရှိတော့ပါဘူးဘုရား)။

မရှိတော့ဘူးနော် မရှိတော့ ရှုတဲ့ဉာဏ်ကလေးနဲ့ကျုပ် တို့နေရစ်တယ်လို့ မဆိုပေဘူးလား. . . (ဆိုပါတယ်ဘုရား)။

အဲ ရှုတဲ့ဉာဏ်ကလေးဟာလဲ၊ သူ့အသက်တန်းကို ဘုန်းကြီးကသတိပေးထားလိုက်တယ်၊ သူ့သက်တန်းဟာ ဒကာ ဒကာမတို့တစ်နဲ့နှစ်ပဲလို့ သတိပေးလိုက်တယ်။

တစ်နဲ့နှစ်ပဲလို့ သတိပေးလိုက်တော့၊ ဒီဉာဏ်လေး ဟာကော ဒကာ ဒကာမတို့ သူလဲရှုပြီးပျက်သွားတယ်. . . (မှန်ပါ့)။

အင်းပျက်သွားတော့ ဒီဉာဏ်ကလေး ဘယ်ရောက် ရောက်သွားပါလိမ့်မတုံး (ဖြစ်ပျက်ပါဘုရား)။

ဖြစ်ပျက်ပြီးသကာလ ကျုပ်ဒုက္ခရောက်သွားပြီလို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား) အဲ အဲဒီလိုပြော သွားတဲ့အခါကျတော့၊ ဩော်. . . ပထမရှေးဦးစွာ တစ်နံပါတ်

က ဘာရှုရပါ့မလဲဆိုတဲ့စိတ်ကို နောက်ဉာဏ်ကရှု။

ဒီဉာဏ်လေးသည် ကားလို့ဆိုလို့ရှိရင်၊ ရှုပြီးသည့်အခြားမဲ့၌ရှိမရှိတစ်ခါပြန်တွေး. . . (မှန်ပါ့)။

နှစ်နံပါတ်ရှုတဲ့ဉာဏ်ဟာ၊ ခုနကတစ်နံပါတ်က ဘာရှုရပါ့မလဲဆိုတဲ့စိတ်ကတော့ ဝိပဿနာ အရှုခံလာတာ၊ သဘောကျပလား. . . (မှန်ပါ့)။

နောက်ကျတော့ အရှုဉာဏ်လေးနဲ့ ရှုလိုက်တဲ့အခါကျတော့ကို၊ ရှုဉာဏ်လေးနဲ့ပဲကျုပ်တို့ မနေရဘူးလား. . . (နေရပါတယ်ဘုရား)။

အဲဒီအရှုဉာဏ်လေးနဲ့ဟာလည်း၊ အင်း-ရှိသေးသလား မရှိသေးသလားဆိုပြီး၊ နောက်ဉာဏ်နဲ့ ဒုတိယဉာဏ်နဲ့ ပြန် တွေးစမ်း၊ တစ်နံပါတ်ဉာဏ်ကို နှစ်နံပါတ်နဲ့ပြန်တွေးစမ်း. . . (မရှိပါဘူးဘုရား)။

မရှိတော့ ဒကာ ဒကာမတို့ အရင်ဉာဏ်လည်း အနိစ္စပဲလို့မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## နောက်ဆုတ်၊ နောက်ဆုတ်ရှုသွားရမယ်

အေး အရင်ဉာဏ်လည်း အနိစ္စပဲလို့ဆိုတော့ နောက်ဉာဏ်ကလေးကျန်မနေရစ်ပေဘူးလား. . . (ကျန်ရစ်ပါတယ်ဘုရား)။

အဲ အဲဒီလို နောက်ဆုတ် နောက်ဆုတ် ရှုသွားမယ်ဆို လို့ရှိရင် ဒကာ ဒကာမတို့ ဝိပဿနာအစဉ်ပြတ်သေးရဲ့လား . . . (မပြတ်ပါဘူးဘုရား)။

ပြတ်စရာကော ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) ဘာမှမရှိဘူးဗျ၊ ရှုစရာမရှိတော့ဘူး၊ ဒီလိုတော့ မယူလိုက်နဲ့၊ ဘာမှ မရှိတော့ဘူးဆိုတဲ့စိတ်ကို၊ ရှုစရာမရှိ မရှာတတ်တဲ့စိတ် ကိုပဲ ပြန်ရှုလိုက်၊ ရိပ်မိပလား. . . (မှန်လှပါ)။

ရှုစရာ ရှာလို့ကို မတွေ့ဘူးဆိုတာ ဘယ်သူနဲ့ရှာတာ တုံး၊ စိတ်နဲ့ရှာတာမို့လား. . . (စိတ်နဲ့ရှာတာပါဘုရား) အဲဒီ စိတ်ကလေးကို အင်းဒီစိတ်ကလေးလဲ ခိုင်သလား၊ မြဲသလား လို့ ဒကာ ဒကာမတွေက နောက်ကနေပြန်ကြည့်စမ်း. . . (မမြဲပါဘူးဘုရား) မြဲသေးရဲ့လား. . . (မမြဲပါဘူးဘုရား)။

## ရှုစရာမရှိဘူးဆိုတဲ့စိတ်

ဒါဖြင့် ရှုစရာ မရှိဘူးဆိုတဲ့စိတ်ဟာ အနိစ္စပဲ။ သူ့ရှာ တဲ့ဥစ္စာက မဂ္ဂဖြစ်တဲ့ဉာဏ်ပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား)။

ဒါဖြင့် မျက်စိလည်လေ ဆန်ရလေဖြစ်တယ်. . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြ. . . (မျက်စိလည်လေ ဆန်ရလေ ပါဘုရား)။

ဒကာ ဒကာမတွေ ဘာတဲ့တုံး . . . (မျက်စိလည်လေ ဆန်ရလေပါဘုရား) ခင်ဗျားတို့က မျက်စိလည်းမလည်ဘူး၊ မျက်စိကို စုံပိတ်ထားတယ်ထင်တယ် ကျုပ်ကတော့. . . (မှန်ပါ့)။

မျက်စိလည်း မလည်ပဲ ဖြစ်နေတယ်။ မျက်စိလည်လို့ရှိရင်လည်း ဦးခင်မောင် ဒီနည်းအကောင်းသား. . . (မှန်ပါ့) ဦးဝင်း. . . (မှန်ပါ့) ဒီလိုကော မျက်စိလည်သေးရဲ့လား. . . (မလည်ပါဘူးဘုရား)။

မလည်ဘူး သက်သက်ကို ရှာမတွေ့ဘူး၊ စောင့်နေတာ အကြာကြီးရှာကိုမတွေ့ဘူး၊ ခွကျနေတာကိုးဗျ။

အဲတော့ ဆရာဘုန်းကြီးက ခု သင်တာကော သဘောကျပလား. . . (ကျပါတယ်ဘုရား) စောင့်နေတဲ့စိတ်ကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

စောင့်နေတဲ့စိတ်သည်ကားလို့ဆိုရင်၊ သူ အင်း-စောင့်နေတဲ့ စိတ်က ဘာတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သတိရင်လည်း ဖြစ်မှပဲ. . . (မှန်လှပါ)။ သမာဓိရင်ကော. . . (ဖြစ်မှပါဘုရား)။

အင်း. . . ဒါတွေက သူ့အသက်တမ်း မေးလိုက်တော့ ဘယ်လောက်အသက်ရှည်တုံး. . . (တစ်နှစ်ပါဘုရား)

## စောင့်နေတဲ့စိတ်

အဲ တစ်နှစ်ဆိုပြီးသကာလ စောင့်နေတဲ့ စိတ်ရှိမရှိ နောက်ကနေ ပြန်တွေးစမ်း ရှိသေးရဲ့လား. . . (မရှိတော့ ပါဘူးဘုရား)။

မရှိတော့ စောင့်နေတဲ့စိတ်က အနိစ္စ၊ ရှုတာက. . . (မဂ္ဂပါဘုရား) မဂ္ဂသွားသွား မဖြစ်ဘူးလား. . . (ဖြစ်ပါတယ် ဘုရား)။

အဲဒီ မင်္ဂကလေးကို တစ်ခါပြန်တွေးစမ်း၊ ရှုနေတဲ့ စိတ်ကလေးကော သူရှုနိုင်တာပဲလား၊ ဘူမှာကော အပျက်က သူရှိသေးသလား ပြန်တွေးစမ်း. . . (မရှိပါဘူးဘုရား)။

မရှိလို့ရှိရင်ဖြင့် နှစ်နံပါတ်ဉာဏ်သည်ကားလို့ဆိုရင် အပျက်ပဲ. . . နောက်တွေးချင်တဲ့သဘောလေးက. . . (မဂ္ဂ ပါဘုရား) မဂ္ဂမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီ နောက်ဆုတ်၊ နောက်ဆုတ်၊ နောက်ဆုတ်နဲ့သာ ခန္ဓာကိုယ်ကြီး လှည့်ပတ် သုံးသပ်သွားလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကြီးက ပြောလာတယ် ဒကာဒကာမတို့ရဲ့။

ကျုပ် တစ်ကိုယ်လုံးမှာ ခင်ဗျား ကြည့်ချင်တာသာ ကြည့်ပါတော့၊ ခင်ဗျားဉာဏ်ထဲ ထင်လာတာဟူသ၍ ပေါ်လာတာဟူသ၍ဖြင့် အင်း ဒုက္ခချည့်ပဲ၊ သစ္စာချည့်ပဲ

မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)။

ဘယ်သူကပြောတုံး. . . (ခန္ဓာကိုယ်က ပြောပါတယ်ဘုရား)။ ခန္ဓာကိုယ်က ပြောတယ် သဘောကျပလား။

ခန္ဓာကိုယ်က ပြောတော့ ခုနက စောင့်ကြည့်နေတဲ့ အခစား ပုဂ္ဂိုလ်က၊ စောင့်ကြည့်နေတဲ့ လှေသမားနဲ့တူတဲ့ အခစား ယောဂီပုဂ္ဂိုလ်က ဦးဘတင်တို့ ဩော် လူလား၊ ယောကျ်ားလား၊ မိန်းမလား မှတ်တယ်၊ စောင့်ကြည့်တော့မှ အကုန်ဒုက္ခတွေတွေ့ရတယ်. . . (မှန်လှပါ)။

စောင့်ကြည့်တော့ ဘာတွေ တွေ့ရတုံး. . . (ဒုက္ခတွေ တွေ့ရပါတယ်ဘုရား) ဒကာ ဒကာမတို့ ဘာတွေ့ကြမတုံး. . . (ဒုက္ခတွေ တွေ့ပါတယ်ဘုရား)။

စောင့်ကြည့်တော့ ဒုက္ခတွေ တွေ့ရတယ်လို့ဆိုတော့ ဟာ ပြန်စောင့်ပါဦးမယ်ဆိုတော့လည်း ဘာတွေပဲ တွေ့မတုံး (ဒုက္ခတွေပဲ တွေ့ပါတယ်ဘုရား)။

## စောင့်ကြည့်တုန်းက ယထာဘူတဉာဏ်

နောက်တစ်ခါ ပြန်စောင့်ကြည့်နေပြန်တော့ကော. . . (ဒုက္ခတွေပဲ တွေ့ပါတယ်ဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် စောင့်ချင်တိုင်းစောင့် ဘာတွေချည့် တွေ့နေ

တုံး. . . (ဒုက္ခတွေချည့် တွေ့နေပါတယ်ဘုရား)။ ဒုက္ခတွေ ချည့်တွေ့နေလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီဒုက္ခနဲ့ မနေ ချင်တော့ဘူးဆိုပြီးတော့ တစ်ခါတည်း မုန်းလာတာ. . . (မှန်ပါ့)။

နိဗ္ဗိန္ဒာဉာဏ်တက်လာတာ. . . (မှန်ပါ့) စောင့်ကြည့် တုန်းက ယထာဘူတဉာဏ်၊ စောင့်ဖန်များလာတော့ နိဗ္ဗိန္ဒာ ဉာဏ် ဖြစ်လာတယ် (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

## စောင့်ဖန်များလာတော့ နိဗ္ဗိန္ဒာဉာဏ်

စောင့်ဖန်များလာတော့. . . (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား) ကောင်းပြီ ဒါဖြင့် နိဗ္ဗိန္ဒာဉာဏ်ဆိုတာ ဒီစောင့်နေရတာ ကြည့် နေရတာ စောင့်ဖန်များလာတော့ ဘာမှမတွေ့ဘူး၊ ဒါတွေ ချည့်ပဲ တွေ့နေတယ်ဆိုတဲ့ နိဗ္ဗိန္ဒာဉာဏ်နဲ့ပဲ နေပြီးသကာလ. .

ဟာ. . . ခွဲမှမရသေးတဲ့အတူတူပဲ၊ စောင့်သာကြည့် နေဦး၊ မုန်းရက်နဲ့ပဲ၊ ငြီးငွေ့ရက်နဲ့ပဲ ဒကာ ဒကာမတွေ ဆက် လက်ပြီး ကြည့်ပါဦးလို့ ဘုန်းကြီးကပဲ သင်ပေးလိုက်ပြန် တယ်. . . (မှန်လှပါ)။

သင်ပေးလိုက်တော့ကိုး ရှုံစရာနဲ့ မုန်းစရာ ဒုက္ခသစ္စာ ကြီးတွေ့နေမှာပဲ၊ ဘာတွေ့ကြမယ်. . . (ရှုံစရာနဲ့ မုန်းစရာ ဒုက္ခသစ္စာကြီးပါဘုရား)။

## ရှုံစရာ မုန်းစရာ ဒုက္ခသစ္စာကြီး

ရှုံစရာ၊ မုန်းစရာ ဒုက္ခသစ္စာကြီး၊ ဒကာ ဒကာမတွေ မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ရှုံစရာ၊ မုန်းစရာ တွေ့တဲ့ပုဂ္ဂိုလ်ဟာဖြင့် ဘုန်းကြီးတို့က ဘယ်ဉာဏ်တက်လိုက်လို့ မပြောတော့ဘူး၊ ဦးခင်မောင်တို့ ဘယ်ဉာဏ်တက်လိုက်လို့ မပြောတော့ပါဘူး ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)။

ဘယ်ဉာဏ်တက်လိုက်လို့ ခင်ဗျားတို့က ခင်ဗျားတို့ တက်ကြည့်စမ်းပါ၊ ရှုံစရာ၊ မုန်းစရာကြီးကို ခင်ဗျားတို့ ဒါနဲ့ နေချင်သေးသလား၊ မနေချင်တော့ဘူးလား. . . (မနေချင်တော့ပါဘူးဘုရား)။

## သူ့ဟာသူ ဉာဏ်ပြောင်းသွားတယ်

မနေချင်တာလာလိမ့်မယ်. . . (မှန်ပါ့) ရှုံစရာ၊ မုန်းစရာသာ ခင်ဗျားတို့ ဒုက္ခတွေချည့် တွေ့နေလို့ ရှုံစရာ မုန်းစရာသာတွေ့နေတဲ့ ပုဂ္ဂိုလ်ဟာ သူ့ဟာသူ ဉာဏ်ပြောင်းသွားတယ်။

ဘယ်လိုများ ပြောင်းသွားတုံး. . . (မနေချင်တော့

နေကြတုံး. . . (မနေချင်တော့ပါဘူးဘုရား)။

မနေချင်တော့ဘူးဆိုတော့ ဖျတ်ဆို မနေချင်တာ သည် ဒီခန္ဓာကြီး မခင်တာပဲ. . . (မှန်ပါ့) မနေချင်တာ ဘာပါလိမ့်. . . (ဒီခန္ဓာကြီးမခင်တာပါဘုရား)။

## မဂ်ပေါ်လာတယ်

မခင်တာဟာ ဒကာ ဒကာမတို့ မဂ်လို့ မှတ်လိုက်. . (မှန်ပါ့) မခင်တာ ဘာပါလိမ့်. . . (မဂ်)။

ဒါဖြင့် မခင်တာ မဂ်လို့ ဆိုလို့ရှိရင်ဖြင့် ခုနက ကျုပ်တို့ စောင့်ကြည့်နေတဲ့ ဒုက္ခတွေ ဟူသ၍ဟာ မဂ်ပေါ်တဲ့ အချိန်မှာ တစ်ခုမှ မရှိတော့ဘူး။

ခန္ဓာပါ ပျောက်ထွက်သွားတယ်. . . (မှန်ပါ့)၊ အရိုးရော၊ အသားရော၊ သွေးရော ဘာမှ မကျန်ရစ်တော့ဘူး၊ စိတ်လဲပျောက် ရုပ်လဲပျောက်မှာပဲ။

## ခန္ဓာပျောက်ထွက်သွားတယ်

ဘာကျန်ရစ်သတုံးလို့ မေးတဲ့အခါ ကျတော့မှ မခင်တဲ့ မဂ်တစ်လုံးပဲ ကျန်နေတယ် . . . (မှန်ပါ့)- ခန္ဓာက ပျောက်ထွက်သွားတယ်။ သဘောကျပလား . . . (မှန်ပါ့)။

ဘာတွေ ပျောက်ထွက်သွားတာတုံး . . . (ခန္ဓာက

ပျောက် ထွက်သွားတယ်ဘုရား) ဘာကျန် နေရစ်သတုံး . . . (မုဂ်ကျန်ရစ်ပါတယ်ဘုရား) မခင်တဲ့မဂ်ကျန်နေတယ်။

ဒါဖြင့် မခင်တဲ့ မဂ်ဟာ သူမှီရာမရှိရင် မနေနိုင်ဘူး၊ အရင်တုန်းက မုန်းတဲ့ ဉာဏ်တုန်းကလည်း မုန်းစရာနဲ့ မုန်းတာနဲ့နေတာကိုးဗျ . . . (မှန်ပါ့) ဟုတ်ဘူးလား။

အရင်က နေရတာ ဘယ်လိုနေရတုံး . . . (မုန်းစရာနဲ့ နေရတာပါဘုရား) အရင်ဆုံး တစ်နံပါတ် နေခဲ့တာက ဒုက္ခနဲ့ မဂ္ဂနေခဲ့တယ် . . . (မှန်ပါ့)။

နောက် နှစ်နံပါတ်ကတော့ မုန်းစရာနဲ့ မုန်းဉာဏ် နေခဲ့တယ် . . . (မှန်ပါ့) အင်း နောက်ကျတော့ကိုး၊ မလိုချင်တဲ့ ဉာဏ်ဟာ ဘယ်သူနဲ့ နေရစ်သတုံး ဆိုလို့ရှိရင်ဖြင့်၊ မလိုချင်တဲ့ ဉာဏ်သည်ကားဆိုရင်ဖြင့် သူမလိုချင်တဲ့ ဉာဏ် ပေါ်လာသည်နဲ့ တစ်ပြိုင်နက်တည်း၊ သူမလိုချင်တဲ့ ဝတ္ထုပစ္စည်းတွေဟာ အကုန်ချုပ်ထွက်သွားတယ်. . . (မှန်ပါ့)

## ဒုက္ခမရှိတာအစားထိုးလာတယ်

မချုပ်ပေဘူးလား. . . (ချုပ်ပါတယ်ဘုရား) အင်း ဒီနေရာဘယ်သူ အစားထိုးလာပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ဒုက္ခမရှိတာကြီး အစားထိုး. . . (မှန်ပါ့)။

ဘာ အစားထိုးတုံး. . . (ဒုက္ခမရှိတာကြီး အစားထိုး ပါတယ်ဘုရား)။ ဒုက္ခမရှိတာ အစားထိုးလာတယ်နော် ဒကာ ဒကာတို့ ဘာအစားထိုးတုံး. . . (ဒုက္ခမရှိတာပါဘုရား)။

မုန်းစရာကြီးကတော့ ပျောက်ထွက်သွားတယ်။ မုန်းစရာကြီးက ပျောက်ထွက်သွားတော့၊ မုန်းစရာက ဒုက္ခ သစ္စာကိုး. . . (မှန်ပါ့)။

## နိရောဓသစ္စာအစားထိုးလာတယ်

ခု အစားထိုးလာတာက မုန်းစရာမဟုတ်တာကြီး အစားထိုးလာတယ်. . . (မှန်လှပါ)။ အစားထိုးလာတော့ ဒီဥစ္စာ နိရောဓသစ္စာ. . . သုခသစ္စာဆိုတော့ နိရောဓသစ္စာ အစားထိုးလာတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဆရာဘုန်းကြီး နည်းပေး တာ ဉာဏ်သုံးဆင့်၊ ရှင်းပလား. . . (မှန်ပါ့)။

တစ်နံပါတ် **ယထာဘူတဉာဏ်**

နှစ်နံပါတ် **နိဗ္ဗိန္ဒဉာဏ်**

သုံးနံပါတ် **မဂ်ဉာဏ်**

တစ်နံပါတ်က. . . (ယထာဘူတဉာဏ်ပါဘုရား) ယထာ ဘူတဉာဏ် ဆိုတာက ခန္ဓာထဲ အရှိကိုမြင်တာ. . . (မှန်ပါ့) ဒုက္ခအရှိကို ဒုက္ခအသိနဲ့ သွားကိုက်တာ. . . (မှန်ပါ့)။

ဒုက္ခအရှိနဲ့ ဒုက္ခအသိ သွားကိုက်တာ ဘာပါ လိမ့်. . . (ယထာဘူတဉာဏ်ပါဘုရား)။

## ခွေးခသကောင်ဥပမာ

အဲ နောက်တစ်ခါကျတော့ ဒီဒုက္ခကပဲ တစ်ခါတည်း ပထမတော့ ခွေးသေတဲ့ ဒုက္ခတော့မြင်တယ်၊ နောက်ကျတော့ ခွေး သေတာကြည့်ဖန်များလာတော့ ခွေးပုပ်ကြီးမြင်သလို ခွေးတော့ခွေးပဲ . . . (မှန်ပါ့)။

ခွေးပုပ်ကြီးမမြင်ပေဘူးလား. . . (မြင်ပါတယ် ဘုရား) အဲတော့ ခွေးပုပ်ကြီးမြင်တဲ့အခါကျတော့ ပိုမိုပြီး သကာလ သူ့မှာ သာယာနှစ်သက်တဲ့စိတ်တွေ ခေါင်းပါး သွားတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲ ခွေးသေတာမြင်တာက ယထာဘူတဉာဏ်၊ သဘောကျပလား. . . (မှန်ပါ့) ခွေးပုပ်ကြီးမြင်တာက. . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။ ဒီခွေးကြီးနဲ့လွတ်ရာ ပြေးချင်တဲ့ဉာဏ် က. . . (မဂ်ဉာဏ်ပါဘုရား)။ ဒါပဲသာမှတ်ထား၊ ဒီပြင် ခင်ဗျားတို့ ဘာမှဉာဏ်တွေလည်း တက်မနေနဲ့။

အနတ္တလက္ခဏာသုတ်လည်း ဒီဉာဏ်နဲ့လာတာ ပဲ. . . (မှန်ပါ့) ဘယ်စိတ်မဆို ဒီဉာဏ်သုံးခုပဲရှိတယ်။ ဘုရားကိုယ် တော်တိုင်ဟောတာနော်. . . (မှန်ပါ့)။

## ဉာဏ်(၁၆)ပါးကရှင်သာရိပုတ္တရာဆန့်ဟောတာ

နောက်ဉာဏ်တစ်ဆယ့်ခြောက်ပါး အစရှိသည်တို့ ဆိုတာရှင်သာရိပုတ္တရာ ဆန့်ဟောတာတွေလို့ မှတ်လိုက်. . (မှန်ပါ့) ရှင်းပလား. . . (မှန်ပါ့)။

ဆိုင်းဘုတ်ပဲလို့ အဲဒါတွေ မှတ်ထားလိုက်၊ ဟိုဉာဏ်တွေက ဒီထဲအကုန်ဝင်တာပဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါ ပြီဘုရား)။

တစ်ထဲမှာ လေးဝင်တယ်၊ တစ်နံပါတ်ဉာဏ်ထဲမှာ လေးဝင်တယ်၊ နှစ်နံပါတ်ဉာဏ်ထဲမှာ လေးဝင်တယ်၊ ကျန်တဲ့ဉာဏ် တွေက မဂ်ဉာဏ်ထဲသွားဝင်တာပဲ. . . မဂ်၏ အခြံအရံတွေ ဖြစ်ကုန်တယ်။ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား)။

ကဲဒါဖြင့် ဒကာ ဒကာမတို့ စောင့်ကြည့်တတ် ပလား. . . (ကြည့်တတ်ပါတယ်ဘုရား) ထိုင်နေတဲ့အခါ ကျလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဘာမှမတွေ့ဘူးလို့ ခင်ဗျားတို့ စိတ်ထဲမှာ ပြောမလား၊ မပြောဘူးလား. . . (ပြောပါတယ် ဘုရား)။

ဒကာ ဒကာမတို့ ဘယ်လို ပြောမယ်ထင်တုံး. . . ထိုင်နေတဲ့ ပုဂ္ဂိုလ်မို့ ခုန ယောဂီပုဂ္ဂိုလ် စထိုင်ထိုင်ချင်းဟာ ထိုင်နေတာပဲ၊ ထိုင်ဆိုလို့ ဆရာဘုန်းကြီးက ထိုင်ဆိုလို့ ထိုင်နေတာပဲ။

ထိုင်တော့ ဘယ့်နှယ့်နေတုံး၊ ဘယ့်နှယ်ပြောကြ မတုံး. . . (ဘာမှမတွေ့ပါဘုရား)၊ အဲ ဘာမှမတွေ့တဲ့စိတ်ရှု ဘာမှ မတွေ့ဘူးလို့ ပြောတာ စိတ်ကလေးတစ်ခု ပေါ်လာ တာ. . . (မှန်ပါ့)။

## ဘာမှမတွေ့ဘူးဆိုတဲ့စိတ်ရှု

ဘာပါလိမ့်. . . (စိတ်ကလေးတစ်ခု ပေါ်လာတာပါ ဘုရား)။ ဘာမှမတွေ့ဘူးဆိုတဲ့ စိတ်ကလေးဟာ စိတ်အသစ် ကလေးဗျ. . . (မှန်ပါ့) ရှင်းပလား. . . (မှန်ပါ့)။

အဲဒီ စိတ်ကလေး ဘာလုပ်ရမတုံး. . . (ရှုရမှာပါ ဘုရား) အဲဒီစိတ်ကလေး ရှုလိုက်တော့၊ အဲဒါ ဘာမှမတွေ့တဲ့ စိတ်ဟာ ဝိပဿနာအာရုံပဲ၊ ရှုစရာပေါ်လာတာပဲ၊ သဘော ကျပလား (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ တရားဂုဏ်၊ သူတရားကို ရှု ခိုင်းတော့ တရားဂုဏ်ရှင်းမှ ပိုမိုရှင်းတယ်နော်. . . (မှန်ပါ့)။

တရားက ဘယ်လို **"ဧဟိပဿိကော"** သဘောကျ ပလား (မှန်ပါ့) ဧဟိ-လာခဲ့၊ ပဿ-ရှုပါ. . . (မှန်ပါ့) ဘယ့်နှယ့် (ဧဟိ-လာခဲ့၊ ပဿ-ရှုပါဘုရား)။

ဘာမှမသိတဲ့စိတ်ကလေးက ဘာမှမတွေ့သေးဘူးဆို တဲ့ စိတ်ကလေးက သူပေါ်လာပြီ၊ ကျပ်သာ ရှုတော့လို့

သူပြောတာ. . . (မှန်ပါ့) နောက်က ဉာဏ်နဲ့သာ ရှုတော့၊ ဘာမှမသိတဲ့ စိတ်ကလေးက ဘာဖြစ်သွားမယ်ထင်တုံး. . . (ပျောက်သွားမှာပါဘုရား)။

ဘာမှမသိသေးတဲ့ စိတ်ကလေးက သူ့သက်တမ်း ဘုန်းကြီးက သင်ထားပေါ့ ဒကာ ဒကာမတို့ တစ်၊ နှစ်၊ ရှင်းပလား. . . (မှန်ပါ့)။

တစ်၊ နှစ်ထက်ပိုပြီး နေနိုင်သေးရဲ့လား. . . (မနေနိုင်ပါဘူးဘုရား)။ မနေနိုင်တော့ သူချုပ်မသွားဘူးလား. . . (ချုပ်သွားပါတယ်ဘုရား)။

အဲဒီဘာမှမသိတဲ့ ဘာမှမတွေ့တဲ့စိတ်ကလေး ဒကာ ဒကာမတွေ ရှိသေးသလား၊ မရှိဘူးလား. . . (မရှိပါဘူးဘုရား)။ ဩော်. . . မရှိဘူးလို့ သူပြောတယ်။

## မရှိတာကအနိစ္စ

ကိုယ့်ဟာကိုယ် တစ်ယောက်တည်း နေပြန်တော့ကော ရှိတာသိသလား၊ မရှိတာသိသလား. . . (မရှိတာသိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ သွားဖြစ်တယ်၊ သဘောကျပလား. . . (မှန်ပါ့)။

**သိတာကမဂ္ဂ**

မရှိတာက. . . (အနိစ္စ) သိတာက. . . (မဂ္ဂပါဘုရား) ကဲဒါဖြင့် ခင်ဗျားတို့ ကမ္မဋ္ဌာန်းစတတ်ပလား. . . (စတတ်ပါတယ်ဘုရား) စတတ်ပြီ ဦးစံရင် ရေ. . . စတတ်ပလား။

နောက်က ဒကာ ဒကာမတွေ ကမ္မဋ္ဌာန်းရှာတတ်ပလား. . . (ရှာတတ်ပါပြီဘုရား) ဘယ့်နှယ်လုပ်ရှာမတုံး ရှာပုံလေးပြောစမ်းပါဦး ခင်ဗျားတို့ (ပေါ်လာတဲ့စိတ်ကလေး စောင့်ကြည့်)။

ဒီလိုလေ၊ စောင့်ကြည့်နေတယ်၊ ဘာမှမတွေ့ဘူးလို့ သူပြောချင်ပြောလိမ့်မယ်. . . (မှန်ပါ) ရှင်းပလား. . . (မှန်ပါ့)။

စောင့်ကြည့်နေတော့ ဘယ့်နှယ်တဲ့. . . (ဘာမှ မတွေ့ပါဘူး) ဘာမှ မတွေ့ဘူးဆိုတဲ့ ရှာတော့ ရှာတဲ့ စိတ်ကလေးပဲတဲ့. . . (တင်ပါ့) မတွေ့တဲ့စိတ်ကလေးပေါ့ဗျာ. . . (မှန်ပါ့)။

ရှာတော့ ရှာတဲ့စိတ်ကလေးပဲမို့လား. . . (မှန်ပါ့) အဲဒီစိတ်ကလေးကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ရှု

အင်း ဘာမှမတွေ့ဘူးဆိုတဲ့ စိတ်ကလေးကိုပဲ၊ ဩော် ဒါကိုယ့်သန္တာန်ပေါ်လာတဲ့၊ အင်းစိတ်ကလေးပဲ၊ ဒါလေး စိတ္တာနုပဿနာလုပ်လိုက်ရုံပဲရှိတယ်. . . (မှန်ပါ့) သဘော ကျပလား. . . (မှန်ပါ့)။

ဦးဘအုန်း ရှုတတ်ပလား. . . (ရှုတတ်ပါပြီဘုရား) ဘာမှမတွေ့တဲ့ စိတ်ကလေး ဘာလုပ်မယ်. . . ရှုလေ၊ ဘာမှ မတွေ့ဘူးဆိုတဲ့ စိတ်ကလေး ဘာလုပ်ကြ. . . (ရှုရမှာပါဘုရား)။

ရှုဗျ၊ ရှုဗျ၊ မရှုရပေဘူးလား. . . (ရှုရပါတယ် ဘုရား)။ အဲတော့ ဘာမှမသိတဲ့ စိတ်က ရှုလိုက်တဲ့အခါ ကျတော့၊ ရှုတဲ့ဉာဏ်ပေါ်လာတော့ သူရှိသေးရဲ့လား. . . (မရှိတော့ပါဘူးဘုရား)။

မရှိတာက ဘာခေါ်မယ်. . . (အနိစ္စ) အင်း မရှိဘူး လို့ သိတာက. . . (မဂ္ဂပါဘုရား)။

ဩော်. . . ခင်ဗျားတို့ ဘာမှမတွေ့ဘူးဆိုတာလေး ကို ခင်ဗျားတို့ ကမ္မဋ္ဌာန်း ဆရာတွေက မပေးတတ်လို့၊ ပေး တတ်လို့ရှိရင် ဘာမှမတွေ့ဘူးဆိုတဲ့စိတ်ကို ရှုလိုက်ရင် ပြီးတာ ပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (မှန်ပါ့)။

ဘာရှုကြမယ်. . . (ဘာမှ မတွေ့ဘူးဆိုတဲ့စိတ်ကို

ရှုရမှာပါဘုရား) အံမယ် အတော်ဆန်းတဲ့ ကမ္မဋ္ဌာန်းလို့များ ခင်ဗျားတို့က အောက်မေ့နေသေးသလား. . (မအောက်မေ့ပါဘုရား)။

မအောက်မေ့နဲ့ ဒီဥစ္စာ တရားမှန်လို့ အောက်မေ့ရမယ်။ ဘာမှမသိတဲ့စိတ်ဟာလည်း ဘာမှမတွေ့ဘူးဆိုတော့ သူရှိတာ မတွေ့တာမို့လား. . (မှန်ပါ့)။

## ရှိတာမတွေ့တာ၊ မောဟ

ရှိတာ မတွေ့တာ မောဟလို့ခေါ်တယ်၊ အဲတော့ **သမောဟ စိတ္တံ သမောဟစိတ္တန္တိ** နောက်က ပဇာနာတိလုပ်တာ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘာလုပ်တာပါလိမ့်. . . (ပဇာနာတိ) သမောဟ စိတ္တံ (သမောဟစိတ္တန္တိ ပဇာနာတိ) ဟော သူဘာမှ မတွေ့တဲ့ စိတ်ကလေးဟာ၊ ဘာမှ သူမတွေ့ဘူးဆိုတော့ သူမောဟပဲ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီ မောဟလေး ရှိမရှိ နောက်ကနေတွေးစမ်း. . . (မရှိတော့ပါဘူးဘုရား) ရှုတဲ့အချိန်ကျတော့ ဒီစိတ်ကလေး ရှိသေးရဲ့လား. . . (မရှိတော့ပါဘူးဘုရား)။

အဲ မရှိတာက ဘာခေါ်မယ်. . . (အနိစ္စပါဘုရား) မရှိမှန်းသိတာက. . . (မဂ္ဂပါဘုရား) အဲဒီကစ ကမ္မဋ္ဌာန်း

ရပြီလို့ အောက်မေ့ပေတော့. . . (မှန်ပါ့)။

ဒါ ဘာရှုတာတုံး ဆိုတာကော သဘောပါပလား. . (ပါပါတယ်ဘုရား) အင်း ဘုန်းကြီးက စကားဆန်း ပြောနေတယ်လို့ ခင်ဗျားတို့က ထင်တယ် မဟုတ်ဘူး၊ ပါဠိတော်အတိုင်း ရိပ်မိပလား. . . (မှန်ပါ့)။

ပါဠိတော်က သမောဟစိတ္တံ (သမောဟစိတ္တန္တိ ပဇာနာတိပါဘုရား)။

ဟုတ်သားပဲ၊ နို့-ဘာမှမတွေ့တဲ့စိတ်ကလေးဟာ ဘာမှမဟုတ်ဘူး၊ ဘာမှမတွေ့ဘူး၊ ခန္ဓာကိုယ်ထဲ သူရှာတော့ ရှာတယ် တွေ့ရဲ့လား. . . (မတွေ့ပါဘူးဘုရား)။

မတွေ့တော့ သူ့ဘာစိတ်ခေါ်ကြမတုံး. . . (မောဟစိတ်ပါဘုရား) မောဟစိတ်၊ အဲဒီမောဟစိတ်ကလေးကို ဒကာဒကာမတွေက ဒီအတိုင်း မထားနဲ့၊ ရှာတဲ့စိတ်ကလေးကို နောက်ကနေ ပြန်တွေး. . . (မှန်ပါ့)။

ခုနက မသိတဲ့စိတ်ကလေး၊ ဘာမှမတွေ့တဲ့ စိတ်ကလေးရှိသေးသလား၊ မရှိသေးလား တွေးစမ်း. . . (မရှိတော့ပါဘူးဘုရား) သဘောကျပလား. . . (မှန်ပါ့)။

မရှိတာ ဘာခေါ်မယ်. . . (အနိစ္စပါဘုရား) ဒါဖြင့် မရှိတာက ဝိပဿနာရှုစရာ. . . (မှန်ပါ့) ဟုတ်လား အဲ. . မရှိမှန်းသိတာက ရှုတာ. . . (မှန်ပါ့)။

မရှိတာက ရှုစရာ၊ အင်း မရှိမှန်းသိတာက ရှုတာ၊ ဒီကရှုစရာ၊ ဒီကရှုတာသာ မှတ်ထား. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း ပါဠိတော်နဲ့ကော ကိုက်ပလား ဒကာ ဒကာမ တို့ (ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ တပည့်တော်တို့ ကမ္မဋ္ဌာန်း တော့ ရှုတယ်၊ ဆရာဘုန်းကြီးကလည်း နေ့တိုင်းပဲ ထိုင်ခိုင်း ရှုခိုင်းလို့ ရှုပါတယ်ဘုရား၊ တပည့်တော်တို့ ဘာမှကို မတွေ့ ဘူး။

## အဲဒါဝိစိကိစ္ဆာခေါ်တယ်

ဩော်. . . ဒါဖြင့် ထိုင်ကြည့်တော့လည်း ကျုပ် ဘာကို ရှုရမှန်းကိုပဲ မလုပ်တတ်သလို ဖြစ်နေတာပဲ၊ ဘယ်ဟာ ရှုရတော့မလို ဘယ်ဟာ ရှုရတော့မလို ဖြစ်နေ တယ်လို့ လာချင်လဲလာမယ်၊ အိမ်ကျလို့ရှိရင်. . . (မှန်ပါ့)။

မလာပေဘူးလား. . . (လာပါတယ်ဘုရား) အဲဒါ ဝိစိကိစ္ဆာခေါ်တယ်၊ အဲဒီ ဝိစိကိစ္ဆာကို ဖြစ်ပျက်ရှု နောက်က နေပြီးတော့. . . (မှန်ပါ့)။

အိမ်ကျလို့ရှိရင် ဘာရှုရတော့မလဲ၊ ဘာရှုရတော့မလို ဖြစ်နေတယ်၊ စိတ်ကလေးတစ်ခုတော့ မပေါ်ဘူးလား. . .

(ပေါ်ပါတယ်ဘုရား)။

အဲဒီပေါ်တဲ့စိတ်ကလေးကို နောက်ကနေပြီး ဒီပေါ်တဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုပေး. . . (မှန်ပါ့)။

ပေါ်တဲ့စိတ်ကလေး ရှိမရှိ ကြည့်စမ်း. . . (မရှိပါဘူး ဘုရား)။ မရှိတာဘာခေါ်. . . (အနိစ္စပါဘုရား) အဲ. . . သိတာက. . . (မဂ္ဂပါဘုရား)။

အဲဒါ တရားပေါ်လာတာ ခင်ဗျားတို့က ခွကျနေတာ၊ ကျုပ်ဖြင့် တရားကို မတွေ့သေးဘူး၊ ပေါ်တာက ဘာတုံး (တရားပါဘုရား) တရားပေါ်တယ်။

ခင်ဗျားတို့က ဘယ်လိုပြောလေ့ရှိတုံး. . . (တရားကို မတွေ့သေးပါဘူးဘုရား) တရားမတွေ့သေးဘူး၊ ခက်တယ်။

ဒါဖြင့် ဘုရားပေါ်လည်း မတွေ့ပါဘူး ခင်ဗျားတို့ တရားပေါ်တာတောင်မှ မတွေ့တာပဲ သဘောကျပလား (မှန်ပါ့)။

တရားပေါ်တာမှ မတွေ့ရင် ဘုရားပေါ်ရင်ကော. . (မတွေ့ပါဘူးဘုရား) မတွေ့တော့ဘူး၊ ကဲ ဒီကရှေ့ တရား ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

**သံသယရှိနေရင် ဖြစ်ပျက်ရှု**

သံသယရှိနေရင် ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရ

မှာပါဘုရား)။ ဒီသံသယစိတ်ကလေးကို ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ကျုပ်စိတ်ဖြင့် ဟိုကျတော့ ဘာရှုရတော့မလိုလို ဖြစ်နေတယ်၊ အဲဒီ ဘာရှုရတော့မလိုလိုဆိုတဲ့ စိတ်ကလေးကို သူ့ကိုပဲဖြစ်ပျက်ရှုချ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ရှုတတ်ပလား. . . (ရှုတတ်ပါပြီဘုရား) ကလေးလေးကအစ ဒီတရားနားလည်ရမယ်. . . (မှန်ပါ့) နားမလည်နိုင်ဘူးလား. . . (နားလည်နိုင်ပါတယ်ဘုရား)။

ကျုပ် ဘာရှုရမှန်းမသိဘူး၊ အဲဒီစိတ်ကလေး ပြေးရှုလိုက်ဟ. . . (မှန်ပါ့) ဒါပဲ ပြီးသွားတာပဲ. . . (မှန်ပါ့)။

ကျုပ်စိတ်ထဲ ဘယ်လိုလုပ်ရမှန်းကို မသိသေးဘူး. . အဲ ဘယ်လိုလုပ်ရမှန်း မသိတဲ့စိတ်ကလေးကို မင်းနောက်ကနေပြီး ဖြစ်ပျက်ရှု. . . (မှန်ပါ့) ရိပ်မိပလား. . . (မှန်ပါ့)။

ကျုပ်သွားမယ်လို့ စိတ်ကူးတယ်၊ မသွားဖြစ်ဘူး၊ အဲဒီစိတ်ကူးလေးရှု၊ ရိပ်မိပလား၊ ပေါ်သေးလား. . . (ပေါ်ပါပြီဘုရား)။ ဦးဝင်းနေရာကျပလား. . . (ကျပါတယ်ဘုရား)

နောက်က ဒကာ ဒကာမတွေ ကျုပ်စိတ်ကူးနေတာခင်ဗျားတို့ ရပ်စဲများနေကြသေးလား. . . (မရပ်စဲပါဘူးဘုရား)။

အဲ လာတိုင်းလာတိုင်းသာ စိတ်ကူးလာတိုင်း လာတိုင်းသာရှုပေတော့ ရှင်းပလား. . . (မှန်ပါ့)။

ရှုစရာတွေ ရှားနေသလား၊ ပေါလာလိမ့်မလား. . . (ပေါလာမှာပါဘုရား)။

အဲ ခင်ဗျားတို့က အခုတော့ကို လူတွေက ဝိပဿနာနဲ့ချိန်ပြီးသကာလ ကြည့်လိုက်တဲ့အခါကျတော့ သစ်သားရုပ်လိုဖြစ်နေတယ်၊ စိတ်မပါတဲ့လူတွေလို ဖြစ်နေတယ်။

## ဘုန်းကြီးပြောတာနားမထောင်ရင် လူသေဖြစ်နေတယ်

ပေါ်တာမှ မသိသေးပဲကိုး၊ သိသေးရဲ့လား. . . (မသိပါဘူးဘုရား) အဲဒါကြောင့် ခင်ဗျားတို့က အခုနေတဲ့အနေက၊ ခု ဘုန်းကြီးပြောတာကို နားထောင်ချင်ထောင်ပါ၊ မထောင်ရင် ခင်ဗျားတို့ကို လူရှင်ပင်ရှင်ငြားသော်လည်း လူသေ. . . (မှန်ပါ့)။

ဘုရားကဟောပြီ၊ လူရှင်ပင်ရှင်ငြားသော်လည်း. . . (လူသေပါဘုရား) ပမာဒေါ မစ္စုနော ပဒံ အင်း ပမာဒေါ-ပေါ်လာတဲ့စိတ်ကလေးကို မေ့နေခြင်းသည် မစ္စုနော-လူသေနဲ့တူတဲ့. . . ပဒံ-အကြောင်းပဲ။

လူသေဖြစ်နေတာကွ၊ ဘယ်လောက်ဟောတုံး. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပေါ်လာတဲ့စိတ်ကလေးကို ရှုစရာ၊ ရှုကို မရှုတတ်တဲ့ စိတ်ပေါ်လာတာကိုပင်လျှင်၊ ဩော် ဒါ ဝိပဿနာရှုဖို့ ပေါ်လာတာပါလို့ မသိလို့ရှိရင်ဖြင့် သူ့ဘယ်လို ခေါ်ကြမယ် (လူသေပါဘုရား)။

အဲ အသက်တော့ ရှူတယ်တဲ့ လူသေထဲသွင်းတဲ့ . . . (မှန်ပါ့) ဘယ်လိုဆိုကြမတုံး. . . (လူသေထဲသွင်းရမှာပါဘုရား)။

အသက်တော့. . . (ရှူပါတယ်ဘုရား) ရှူပင်ရှူငြား သော်လည်း (လူသေထဲ သွင်းရမှာပါဘုရား)။ လူသေထဲ သွင်းလိုက်ပါတဲ့။

ဒါဖြင့် ကမ္မဋ္ဌာန်း ရှုစရာကို မတွေ့သေးဘူးဆိုတဲ့ ဒကာ ဒကာမတွေ ဘာဆိုကြမယ်. . . (လူသေထဲသွင်းရမှာ ပါဘုရား) ဟာ ခက်ကုန်ပကော။

ဒကာ ဒကာမတွေ ကမ္မဋ္ဌာန်း ရှုစရာ ရှာမတွေ့သေး ဘူးဆိုတဲ့ ပုဂ္ဂိုလ် ဘယ်လိုခေါ်ကြမလဲ (လူသေပါဘုရား) ရှင်း ပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လူသေထဲကလား၊ လူရှင်ထဲက လား. . . (လူရှင်ထဲကပါဘုရား) သိပ်လဲမကြွားနဲ့နော်. . .

ကိုင်း ဒီနေ့ပေးတဲ့နည်းဟာဖြင့် ခင်ဗျားတို့က လေးလေးသွားပေးပါတဲ့ ဦးစံရင် ရရမယ် ဒီဥစ္စာ. . . (မှန်ပါ့)

မရပေဘူးလား. . . (ရပါတယ်ဘုရား)။

ရှုတော့ ရှုနေတာပဲဗျ ဥပမာ ဟိုလူ ဘယ်သူတုံးလို့ ကျုပ်က မေးလိုက်တယ်။ မသိဘူး၊ ဥပမာ ဦးခင်မောင်က ဖြစ်စေ၊ ဒီထဲက ဒကာ တစ်ယောက်ယောက်က မသိဘူး။

## မသိတဲ့စိတ်ကလေးရှုစမ်းပါ

အဲဒီ မသိတဲ့စိတ်ကလေး ရှုစမ်းပါကွ၊ မသိတဲ့ စိတ်ကလေးတော့ ပေါ်သား. . . အဲဒီ မင်းမသိတဲ့စိတ်ကလေး ရှိသေးသလား. . . (မရှိတော့ပါဘူးဘုရား)။

မရှိဘူးဘုရားလို့ သူဖြေမှာပဲ. . . ဒါဖြင့် မသိတဲ့ စိတ်ကလေးက အနိစ္စ. . . (မှန်ပါ့) ဟုတ်ဘူးလား၊ ရှုတာက (မဂ္ဂပါဘုရား)။

ဒါ အင်မတန် လွယ်နေတာပဲ ဟုတ်လား၊ ဒီတမာပင် လေးတွေ ရေစမ်းပါ. . . (မရေနိုင်ပါဘူးဘုရား) မရေနိုင်တဲ့ စိတ်ရှု။

မရေနိုင်တာဆိုတာ သူမရေတွက်နိုင်ဘူးပြောတာ၊ မရေတွက်နိုင်ဘူးဆိုတော့ တစ်ခု၊ နှစ်ခု၊ သုံးခု၊ သူသိသေးရဲ့ လား. . . (မသိပါဘူးဘုရား)။

မသိတော့ သူသည်ကားလို့ဆိုရင် ဘယ်လောက်မှန်း မသိဘူး၊ သူ့ဟာ အများကြီးဆိုတော့ ဝိစိကိစ္ဆာစိတ် ပေါ်လာ

တာ. . . (မှန်ပါ့) မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)

ဒါဖြင့် ဝိစိကိစ္ဆာ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) သူ့ဖြစ်ပျက်ရှု၊ သူကဖြစ်ပျက်၊ ရှုတာက. . . (မဂ်ပါဘုရား)။

ဒါဖြင့် မရေတတ်တဲ့စိတ်ကလေးပေါ်ရင်လဲ၊ မရေတတ်တဲ့စိတ်ကလေး ရှိ မရှိ. . . (မရှိပါဘူးဘုရား)။

ဒါနဲ့ တွေးလိုက်တော့ မရေတတ်တဲ့စိတ်က ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား) အင်း သိတာက. . . (မဂ္ဂပါဘုရား)။

ဩော်. . . ခင်ဗျားတို့ ပေါ်တဲ့စိတ်ကိုသာ တစ်နံပါတ်ကို နှစ်ကသာလိုက်တော့. . . (မှန်ပါ့) တစ်ကို ဘာနဲ့ လိုက်မယ်. . . (နှစ်နဲ့လိုက်ရမှာပါဘုရား) တစ်ကို နှစ်နဲ့ လိုက်ရင် ဝိပဿနာ အစစ်မှတ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## တောကျောင်းတောင်ကျောင်းမလိုပါဘူး

တစ်ကိုနှစ်ကလိုက်ရင်. . . (ဝိပဿနာအစစ်ပါဘုရား) အဲ ဝိပဿနာဆိုတာ သူများပြောတာကတော့ဖြင့် တကယ့်ကို တောကျောင်းတောင်ကျောင်းတွေ၊ ကမ္မဋ္ဌာန်းကျောင်းတွေနဲ့ သွားပြီး လုပ်ရတော့မလို အောက်မေ့နေ

တယ် မဟုတ်ဘူးတဲ့ တစ်ကို နှစ်ကလိုက်ရင် ပြီးတာပဲ ရိပ်မိပလား. . . (မှန်ပါ)။

ဦးဘအုန်း ဘယ်လိုမှတ်ထားမယ်. . . (တစ်ကို နှစ်က လိုက်ရမှာပါဘုရား) ပထမတစ်စိတ်၊ နောက် နှစ်ဥာဏ် လိုက်ပေးလိုက်ပြီးတာပဲ။

တစ်ကတော့ဖြင့် ဒကာ ဒကာမတွေ တစ်မရရင်လည်း ခင်ဗျားတို့ သေပြီ အောက်မေ့တော့၊ နှစ်မလာတော့ဘူး. . . (မှန်ပါ)။

တစ်မရရင် ဘယ့်နှယ်ခေါ်ကြမယ်. . . (သေပါပြီဘုရား) ရိပ်မိပလား. . . (မှန်ပါ)။

တစ်မရရင်. . . (သေပါပြီဘုရား) အဲ၊ နှစ်လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူးဘုရား)။

ကိုင်း ဒါဖြင့် တစ်မရှိတဲ့ပုဂ္ဂိုလ် ဒီထဲပါသေးရဲ့လား (မပါပါဘူးဘုရား) ဒါဖြင့် တစ်လာရင် ဘာလုပ်ရမတုံး. . . (နှစ်နဲ့ရှုရမှာပါဘုရား) နှစ်နဲ့ရှု၊ ရှင်းပလား. . . (မှန်ပါ)။

## စရိုက်အတိုင်းပေါ်လာမယ်

တစ်လာရင် (နှစ်နဲ့ရှုရမှာပါဘုရား) အဲ တစ်က လာပါလိမ့်မယ်လို့ ဘုန်းကြီးက မပြောဘူး. . . (မှန်ပါ) ခင်ဗျားတို့ စရိုက်အတိုင်း ပေါ်လာလိမ့်မယ်. . . (မှန်ပါ)

ရှင်းပလား. . . (မှန်ပါ့)။

ခင်ဗျားတို့ စရိုက်တိုင်းက လောဘအားကြီးတဲ့ ပုဂ္ဂိုလ် ဖြင့် ဘာအရင်လာမယ်ထင်တုံး. . . (လောဘအရင်လာမှာ ပါဘုရား)။ ဒေါသအားကြီးတဲ့ ပုဂ္ဂိုလ်ဖြင့်. . . (ဒေါသလာ မှာပါဘုရား)။

အင်း စိုးရိမ်တတ်တဲ့ ပုဂ္ဂိုလ်ဖြင့်. . . (စိုးရိမ်တာပါ ဘုရား) စိုးရိမ်တာလာမှာပဲ ဟုတ်လား၊ ငိုတတ်တဲ့ ပုဂ္ဂိုလ်ဖြင့် ငိုစိတ်လာမှာပဲ။ ပျင်းတတ်တဲ့ ပုဂ္ဂိုလ်ဖြင့်. . . (ပျင်းစိတ် လာမှာပါဘုရား)။

## ပေါ်လာတိုင်းဖြစ်ပျက်ရှု

အဲဒါတွေ လာတိုင်းလာတိုင်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) အဲ ပထမလာတာ တစ်၊ နောက် သတိထားတာနှစ်၊ ပထမလာတာ. . . (တစ်ပါဘုရား) နောက် သတိထားတာက. . . (နှစ်ပါဘုရား)။

ဒီလိုချည့် သွားနေ. . . (မှန်ပါ့) ရှင်းပလား. . . (မှန်ပါ့)။

သွားတတ်ကြပလား. . . (မှန်ပါ့) ဟုတ်ကဲ့လား၊ ဒီတင်သွားတတ်တာလား၊ အိမ်ကျသွားတတ်တာလား. . . (သွားတတ်ပါတယ်ဘုရား) သွားတတ်လောက်ပါပြီ. . .

(မှန်ပါ့) ဒီနေ့ ဒါကို ရှင်းပြောတယ်ဆိုတာ သဘောကျပလား (မှန်ပါ့)။

## ဒုက္ခအဆုံးပို့လိမ့်မယ်

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ဒုက္ခအဆုံးပို့ပါ လိမ့်မယ် (မှန်ပါ့) မပို့ပေဘူးလား. . . (ပို့ပါတယ်ဘုရား) ဒီခန္ဓာကိုယ်ကြီးထဲက ပေါ်တဲ့တရားတွေက ပို့သွားတာ. . . (မှန်ပါ့)။

မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ပထမတွေ့နေလို့ရှိရင်ဖြင့် တစ်ကို နှစ်က တွေ့နေလို့ရှိရင် ယထာဘူတဉာဏ်. . . (မှန်လှပါ) သဘောကျပလား. . . (မှန်ပါ့)။

## နိဗ္ဗိန္ဒာဉာဏ်

တစ်ကို နှစ်ကမုန်းရင်း (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား) အင်း ဒါဖြင့် ဒကာ ဒကာမတို့တဲ့ တစ်လဲမလာတော့ဘူး၊ တစ်ကို နှစ်ကရှုရင် ယထာဘူတဉာဏ်နော်။

တစ်ကို နှစ်ကမုန်းရင်. . . . (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား) အင်း သုံးလာရမယ့်နေရာမှာ ဒကာ ဒကာမတို့ မလာတော့ ဘူးတဲ့၊ ဆုံးသွားတာကိုသာ သိခဲ့တယ်ဆိုလို့ရှိရင်. . . (မင်

ဉာဏ်ပါဘုရား) မင်ဉာဏ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)

ဒီအတိုင်းသာသွား ခင်ဗျားတို့၊ ဒီဥစ္စာ မင်ဉာဏ်ဖြင့် အနီးဆုံးပဲဆိုတာ သဘောကျပလား. . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီဉာဏ်တွေ လာတော့ ဘာကျေးဇူးရှိသတုံး မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

လိုတော့ မနေ့က တရားကို ပြန်ကောက် ဒကာ ဒကာမတို့၊ မနေ့က တရားက ဒီဘက်က တစ်ချတာဘာတုံး အဝိဇ္ဇာ၊ ဒီဘက်က နှစ်ခုက ဘာပါလိမ့်. . . (သင်္ခါရ ပါဘုရား) သင်္ခါရ။

## အတိတ်ဘဝ

ဒီဘက်က ဘာပါလိမ့် (ဝိညာဏ်) ဝိညာဏ်၊ ဒီနှစ်ခု သည် စောစီးက ဝေဖန်လိုက်၊ ဒါကဘာဘဝတဲ့. . . (အတိတ်ဘဝပါဘုရား)။

ဩော်. . . အတိတ်ဘဝမှာ ကုသိုလ် သင်္ခါရ၊ အကုသိုလ်သင်္ခါရဆိုတဲ့ သင်္ခါရ ပါမနေဘူးလား. . . (ပါနေ ပါတယ်ဘုရား)။

အဲ-ဒီသင်္ခါရကနေပြီး ဒီဆက်တယ်. . . (မှန်ပါ့) ပစ္စုပ္ပန်ဘဝဆက်လိုက်တယ်။

ဒါကြောင့် သင်္ခါရပစ္စယာ. . . (ဝိညာဏ်ပါဘုရား) ဒါ ဘယ်သူက ဆက်လိုက်တာပါလိမ့်. . . (သင်္ခါရက ဆက်လိုက်တာပါဘုရား)။

**သင်္ခါရဆိုတာ**

သင်္ခါရဆိုတာ တရားကိုယ် ကောက်လိုက်တော့ ဘယ်သူပါလိမ့်. . . (ကုသိုလ်နှင့် အကုသိုလ်ပါ့ဘုရား) ကုသိုလ်၊ အကုသိုလ် သို့သော်လည်း တဏှာမပါဘူး လား. . . (ပါပါတယ်ဘုရား)။

ဒါဖြင့် တဏှာကို ဘုရားက မနေ့က **တဏှာ သိဗ္ဗိနီ** လို့ပြောလိုက်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ ဒီဘဝ ပဋိသန္ဓေနေလာတာ ဒကာ ဒကာမတို့ပဲ စဉ်းစားပါတော့တဲ့၊ ဘယ်သူအဆက်အသွယ် လုပ်ပေးလိုက်တာတုံး. . . (တဏှာပါဘုရား)။

အဲ အတိတ်ခန္ဓာနဲ့ ဟုတ်လား. . . (မှန်ပါ့) ပစ္စုပ္ပန် ခန္ဓာစ မပြတ်အောင် ဆက်ပေးလိုက်တယ်၊ အပ်ချုပ်သမား (မှန်ပါ့) သိဗ္ဗိနီ. . . (မှန်လှပါ) သဘောကျပလား. . . (မှန်ပါ့)။

ဒါဖြင့် **တဏှာ သိဗ္ဗိနီ** ဆိုတာ သဘောကျပလား. . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဩော် ဒို့ ဒီဘဝ ခန္ဓာကြီးဖြစ်လာတာ ကဖြင့် ကံကောင်း အကြောင်းသင့်လေရော့လား၊ တဏှာ ချုပ်စပ်လိုက်တာနဲ့ ဒုက္ခဆက်မိတာလားလို့ မှတ်တွေးစမ်း (တဏှာချုပ်စပ်လိုက်တာနဲ့ ဒုက္ခဆက်မိတာပါဘုရား)။

တဏှာချုပ်စပ်လိုက်တာနဲ့ ဒုက္ခဆက်မိသွားတာ (မှန်ပ့ါ) ဒီဘက်ကြားထဲမှာ ခင်ဗျားတို့ မသေပဲနဲ့ လာလို့ ဖြစ်ပ့ါ မလား. . . (မဖြစ်ပါဘူးဘုရား)။

## စုတိလေးတစ်ခုထည့်ပါ

ဒီကြားထဲမှာ ပဋိစ္စသမုပ္ပါဒ်မို့ မြုပ်ထားတာ ဒီကြား ထဲ ခင်ဗျားတို့ စုတိလေးတစ်ခုထည့်. . . (မှန်ပ့ါ)။

ဒီစုတိနဲ့ ဒါက အတိတ်ဘဝက စုတိနဲ့နော်. . . (မှန်ပ့ါ) ပစ္စုပ္ပန်က ပဋိသန္ဓေနဲ့ မဆက်ရပေဘူးလား. . . (ဆက်ရပါတယ်ဘုရား)။

ဒါဖြင့် စုတိနဲ့၊ ပဋိသန္ဓေကို စုတိကလည်း ဒုက္ခသစ္စာ (မှန်ပ့ါ) ပဋိသန္ဓေကကော. . . (ဒုက္ခသစ္စာပါဘုရား) ဘယ်သူ ဆက်ပေးတုံး. . . (တဏှာဆက်ပေးပါတယ်ဘုရား)

ဩော်. . . ဒီသခ်ီရ တဏှာက ဆက်ပေးတယ်။ ဒါဖြင့် တဏှာဟာ အုပ်ချုပ်သမား. . . (မှန်ပ့ါ) ရိပ်မိကြ ပလား. . . (မှန်ပ့ါ)။

## တဏှာက အပ်ချုပ်သမား

တဏှာက ဘာသမားတဲ့. . . (အပ်ချုပ်သမားပါဘုရား) ဟြော်. . . ခင်ဗျားတို့ ဒီအပ်ချုပ်သမားသည်ကားလို့ ဆိုရင်ဖြင့် အစနှစ်ခု ဆက်စပ်ပေးတာသူပဲ. . . (မှန်လှပါ)

ဘာအစနှစ်ခုတုံးလို့မေးတဲ့အခါကျတော့ **ပိတ်စချည့်ပဲလား၊** ပေါ်ပလင်စ ချည့်ပဲလား၊ မဟုတ်ဘူး ဒုက္ခအစ၊ ဒုက္ခအဆုံးနဲ့ ဒုက္ခအစဆက်ပေးတာ. . . (မှန်ပါ့) ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါက အတိတ်ဘဝက ဒုက္ခအဆုံး. . . (မှန်လှပါ) ဒါက ပစ္စုပ္ပန်ဘဝ ဒုက္ခအစ၊ ဒါဖြင့် ဒီနှစ်ခု ဘယ်သူက ဆက်ပေးတုံး. . . (တဏှာကဆက်ပေးပါတယ်ဘုရား)။

တဏှာက ဆက်ပေးတော့ ကံကြောင့် အကျိုးပေးတယ် ပြောနေကြတာ. . . (မှန်လှပါ) ဟုတ်ဖူးလား၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေနေရတာကို. . . (မှန်လှပါ)။

အဲတော့ ဒကာ ဒကာမတို့ ကျေးဇူးရှင် မောင်မင်းကြီးသား ချုပ်စပ်ပေးလိုက်တာ၊ ကျုပ်တို့ ဘာနဲ့များ ဝတ်ရပါလိမ့် မတုံးသာ မေးကြပေတော့. . . (ဒုက္ခတွေပါဘုရား)။

ဒုက္ခနှစ်ခု ဆက်စပ်ပေးလိုက်တာ. . . (မှန်ပါ့) စုတိဒုက္ခနဲ့ ပဋိသန္ဓေဒုက္ခကို မင်းတို့သည်ကားလို့ဆိုရင် မပြတ်

အောင် ငါလုပ်ပေးမယ်. . . ဘယ်သူကလုပ်ပေးတုံး. . . (တဏှာက လုပ်ပေးပါတယ်ဘုရား)။

## တဏှာကဘယ်လိုများ လုပ်ပေးပါလိမ့်

အင်း ဒကာ ဒကာမတွေ တဏှာက ဘယ်လိုများ လုပ်ပေးပါလိမ့် (ဒုက္ခအဆုံးနဲ့ ဒုက္ခအစကို ဆက်စပ်ပေးပါတယ်ဘုရား) အေး ဒုက္ခအဆုံးနဲ့ ဒုက္ခအစ ဆက်စပ်ပေးလိုက်တယ် ဒကာ ဒကာမတွေ ကျေးဇူးရှင်မှန်း သိကြပလား. . . (သိပါပြီဘုရား)။

ဘယ်သူပါလိမ့်ဗျာ. . . (တဏှာပါဘုရား) ဘယ်လိုများခင်ဗျားတို့ ကျေးဇူးပြုလိုက်ပါလိမ့်. . . (ဒုက္ခအဆုံးနဲ့ ဒုက္ခအစနဲ့ ဆက်စပ်ပေးပါတယ်ဘုရား)။

မဟုတ်ပါဘူး အကောင်းချည့်မို့ ကြားညှပ်ပေးလိုက်ရင်လည်း ကျေးဇူးတင်စရာ ပါပါသေးတယ်. . . (မှန်ပါ့) ဟင် ခုပါလား. . . (မပါပါဘူးဘုရား)။

## ဒုက္ခအဆုံးနဲ့ ဒုက္ခအစ ဆက်စပ်ပေးတယ်

ဘာနဲ့ဘာ ဆက်စပ်ပေးတုံး . . . (ဒုက္ခအဆုံးနဲ့ ဒုက္ခအစပါဘုရား) အတိတ်ဘဝက ဒါက အတိတ်ဘဝစုတိပြီး၊ ယခုပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ ကို ဆက်စပ်ပေးလိုက်တယ်

. . . (မှန်လှပါ) သဘောကျပလား . . . (မှန်ပါ့)။

ဒါက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) ဒီဘက်က . . . (ဒုက္ခသစ္စာ) အင်း ဒုက္ခသစ္စာနှစ်ခုကို ကြားကိုလေမှုမသွေးရအောင် ကြားဆက် ပေးလိုက်တာ ဘယ်သူပါလိမ့် . . . (တဏှာပါဘုရား)။

ဒီလောက် ခင်ဗျားတို့ အပေါ်နှိပ်စက်တာ . . . (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့) ခင်ဗျားတို့ နှိပ်စက်နေတဲ့ တရားပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့် တဏှာ သိပ္ပနိ ဘုရားက ဟောလိုက်တယ်ဗျော် . . . အင်္ဂုတ္တိုရ်မှာနော် . . . ။

ကောင်းပြီ ဝိညာဏ်ပြီးတော့ကို နာမ်ရုပ် မလာပေဘူးလား . . . (လာပါတယ်ဘုရား) ကဲ နာမ်ရုပ် တွေက မနေ့ကရှင်းပြီးသား ထားပါတော့။ သဠာယတန မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ဖဿ. . . (လာပါတယ်ဘုရား)အင်းဖဿ လဲလာမှာပဲ၊ ဝေဒနာကော . . . (လာပါတယ်ဘုရား)။

အင်း တဏှာ သိပ္ပနိ တစ်ခုပေါ်ပြန်ပြီ . . . (မှန်ပါ့) မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## တဏှာဘာလို့လာပြန်တာတုံး

ဒီတဏှာက ဘာလုပ်မလို့ လာပြန်ပါလိမ့် မတုံး မေးတဲ့ အခါကျတော့၊ ကွာတဲ့ မင်းတို့ နောက် ဒုက္ခကင်း သွားမှာစိုးလို့ ငါလာခဲ့တာတဲ့ ဆက်ပေးမလို့ . . . ရိပ်မိ ပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လိုကြောင့် လာပါလိမ့် . . . (ဒုက္ခကင်းသွားမှာ စိုးလို့ပါဘုရား) ဒုက္ခချင်း သူဆက်စပ် ပေးမလို့ လာပြန်ပြီ။

ဒါဖြင့် ဥပါဒါန် ဆိုတာက သူ့အကြီးစားဆိုတာ . . . (မှန်ပါ့) ကံဆိုတာ သူခြယ်လှယ်နိုင် တဲ့ကံတွေ . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

ကံပြီးတော့ကို ကံကုန်တော့ ဘယ့်နှယ်ဆိုကြမတုံး . . . (စုတိ) ကံကုန်တာက စုတိ၊ ဒါဖြင့် ပစ္စုပ္ပန်ဘဝ ကံကုန်ပြီ။

ဒီကစ၍ ဒကာ ဒကာမတွေ ဒီရှစ်ခုဟာ ပစ္စုပ္ပန် ဘဝလို့ မဆိုခဲ့ဘူးလား . . . (ဆိုခဲ့ပါတယ်ဘုရား)။

အဲဒီ ကံကုန်တော့ ဘာလာတုံး . . . (စုတိပါဘုရား) အဲဒီ စုတိပြီး သကာလ အနာဂတ်ဇာတိ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အနာဂတ် ဇာတိ၊ဇရာ၊ မရဏတွေ မလာဘူးလား . . . (လာပါတယ်ဘုရား) အဲဒီနှစ်ခုကိုလည်း ပစ္စုပ္ပန် စုတိနဲ့

အနာဂတ် ပဋိသန္ဓေနဲ့ ဆက်ပြန်တယ် . . . (မှန်ပါ့)။

ဘယ်သူက ဆက်ပေးပြန်တုံး . . . (တဏှာကပါဘုရား) ဒီ တဏှာပဲတဲ့ ဒကာ ဒကာမတို့ ဘယ်သူပါလိမ့် . . . (တဏှာပါဘုရား) တဏှာပဲ။

တဏှာကြောင့် ဉပါဒါန် ဖြစ်ရတယ်။ ဉပါဒါန်ကြောင့် ကံတဲ့၊ တဏှာဖြုတ်ကြည့်စမ်းပါ၊ သူတို့လာပါ့မလား . . . (မလာပါဘူးဘုရား)။

မလာတော့ သူဖြတ်တယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား) ဒါဖြင့် တဏှာ သိဗ္ဗိနီ၊ ရှင်းပလား . . . (မှန်ပါ့)။

တဏှာ= တဏှာသည်၊ သိဗ္ဗိနီ= အပ်ချုပ်သမားနဲ့ တူ၏။ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ ထိုထိုဘဝကို သူချည့်ဆက်ပေးနေတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့အားလုံး ဒကာ ဒကာမတွေ၊ ဘယ်အခါ ကာလမှ ခင်ဗျားတို့ ဒုက္ခနှစ်ခု အကြားမှာ လေတောင် မသွေးဘူးဆိုတာကို၊ အသေအချာ မှတ်ပါတော့ နောက်က နေခဲ့တာ . . . (မှန်ပါ့)။

မှတ်မိကြတယ်နော် . . . (မှန်ပါ့) ဒုက္ခနှစ်ခုကြား ဘာတဲ့. . . (လေတောင် မသွေးပါဘူးဘုရား)၊ လေတောင် မသွေးဘူးတဲ့ ဘယ်သူကဆက်ပေးတုံး (တဏှာက ဆက်ပေးပါတယ်ဘုရား)။

အံမာ ဒုက္ခကြားထဲမျာ း လေကလေးခြားထားလို့ ရှိရင်သူက စိုးရိမ်တယ်. . . (မှန်ပါ့)။ မစိုးရိမ်ဘူးလား. . . (စိုးရိမ်ပါတယ်ဘုရား)။

## အနန္တရပစ္စယော၊ အခြားမရှိ

ဒါကြောင့် အနန္တရ ပစ္စယော အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားသည် လည်းကောင်း၊ ယောဒိ စုတိနဲ့ ယောဒိပဋိသန္ဓေ ကြားထဲမျာ း ဘာခြားသေးသတုံး . . . (မခြားပါဘူးဘုရား)။

ဘယ်သူက မခြားအောင်လုပ်ပါလိမ့် . . . (တဏှာကပါဘုရား)။ ဩော်. . တဏှာက ဆက်စပ်ပေးလိုက်တယ် . . (မှန်ပါ့) ဒီလိုဆက်စပ်ပေးတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ သေသေချာချာ သူ့အကြောင်း သိကြပလား . . . (သိပါပြီဘုရား)။ ဘယ်သူ့အကြောင်းပါလိမ့် . . . (တဏှာအကြောင်းပါဘုရား)။

အဲတဏှာအကြောင်း ကောင်းကောင်းသိရင် ခင်ဗျားတို့ နိဗ္ဗာန်ရမယ်၊ သံယုတ်ပါဠိတော်က. . . (မှန်ပါ့)။

တဏှာအကြောင်း ကောင်းကောင်းသိရင်. . . (နိဗ္ဗာန်ရမှာပါဘုရား)။ ခုမင်းတို့ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။ ဘယ်လိုရိပ်မိတုံး. . . (ဒုက္ခချင်းဆက်စပ်

ပေးပါတယ်ဘုရား)။

ဒုက္ခဆက်စပ်ပေးတာဖြင့် ဘယ်သူတုံး. . . (တဏှာပါဘုရား)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့်ဒီဥစ္စာကိုတဲ့ခင်ဗျားတို့ ထိုထိုဘဝတွေ နောက်တုန်းကဆက်စပ်ပေးခဲ့တာ၊ ဒို့ဘဝမပြတ်ခဲ့တာလို့ ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်သူ့သတ္တိပါလိမ့်. . . (တဏှာသတ္တိပါဘုရား)။ အဲ့ဒါတဏှာသတ္တိ သိကြပြီဆိုတော့ ယနေ့တော့ဖြင့် ဒီလိုလုပ်ကြပေတော့ အဘိညေယျ အဘိဇာနာတိ ပရိညေယျ ပရိဇာနာတိတဲ့ သူ့ကိုသိနေရမယ်။

ဒီဒုက္ခနဲ့ ဒီဒုက္ခဆက်ပေးတာလည်း ဒီတဏှာ. . . (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

အင်း ဒီဒုက္ခနဲ့ဒီဒုက္ခဆက်ပေတာလည်း ဒီတဏှာ. . (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

နောက်ဒီခန္ဓာထဲပွားဦးမယ့် ဒီတဏှာတွေ မလာပေဘူးလား. . . (လာပါတယ်ဘုရား) နောက်ဒုက္ခနဲ့ဆက်ပေးမှာကော လာလတ္တံ့တဏှာ . . . ရိပ်မိပလား. . . (မှန်ပါ့)။

## ဒီတဏှာဟာ ပေါင်းထိုက်တဲ့တရားလား

ဒါဖြင့် ဒီတဏှာဟာ ပေါင်းသင့်ပေါင်းထိုက်တဲ့ တရား

လား. . . (မဟုတ်ပါဘူးဘုရား)၊ သဘောကျပလား. . . (မှန်လှပါ)။

ခုထက်ထိ ဘာမှ ရရမှန်း၊ ပေါ်မှန်း၊ များမှန်း၊ ရှာဖွေရမှန်း မသိသေးဘူး၊ ဖျင်းလိုက်တဲ့ကလေး ဒို့ ဒီအရွယ်တုန်းကဆိုရင်အတော်နားလည်ကုန်ပြီ၊ အံမာဂုဏ်များ ယူလိုက်သေးတယ်. . . (မှန်ပါ့)။

ဒို့ ဒီအရွယ်ဆိုရင်ဖြင့် တဏှာတော်တော်ချုပ်စပ်တတ် ပြီပြောနေတာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား)။

ဘာတွေပြောကြပါလိမ့်. . . (ချုပ်စပ်တတ်ပါပြီဘုရား)၊ တော်တော်ချုပ်စပ်တတ်ပြီ၊ ဘာနဲ့ဘာချုပ်စပ်တတ်။

အဲ. . . ဒီလိုမလုပ်နဲ့ ဒုက္ခနှစ်ခု ချုပ်စပ်တတ်တယ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်တုံး ဒကာ ဒကာမတို့. . . (ဒုက္ခနှစ်ခုချုပ်စပ်တတ်ပါတယ်ဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ခုတော့ဖြင့် အဘိညေယျ အဘိဇာနန္တောပရိညေယျ ပရိဇာနန္တော ထိုးထွင်း၍ သိရမယ်တဲ့၊ ထိုးထွင်း၍သိရမယ်ဆိုတော့ ဒကာ ဒကာမတွေ ဒီလိုသွားကြပေတော့၊ထိုးထွင်း၍ သိရမယ်ဆိုတော့ ဝိညာဏ်ချုပ်ရင် ဘာလာမတုံး၊နာမ်ရုပ်လာမယ်။

ခြောက် ဝိညာဏ်လည်း ဖြစ်ပြီးချုပ်တာ. . . (မှန်လှပါ) ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ခြောက်. . . ဝိညာဏ်လဲ ဖြစ်ချုပ်ဆိုတော့ ဒုက္ခသစ္စာပဲ။

ဒါကျုပ်တို့ စသေပြီ. . . (မှန်ပါ့) ရောက်ခါရှိသေးတယ်. . . သေရတာ (မှန်လှပါ)။

ပဋိသန္ဓေနေခါရှိသေးတယ် ဘာတုံး. . . (သေပါပြီဘုရား) သေရတော့ ကျုပ်တို့သည်ကားလို့ဆိုရင်၊ လူ့ဘဝ အရတော်လေစွလား၊ ရရချင်း သေခြင်းဆိုး သေရတာလား သာမေးတော့. . . (ရရချင်းသေခြင်းဆိုးသေရတာပါ ဘုရား) သဘောကျပလား. . . (မှန်ပါ့)။

## ဝိညာဏ်ဘာသစ္စာ

ဒါဖြင့် ဝိညာဏ်ဘာသစ္စာဆိုကြ. . . (ဒုက္ခသစ္စာပါဘုရား) အင်း ဒီဘက်က ဝိညာဏ်က ကျေးဇူးပြုထားတဲ့ ဒုက္ခသစ္စာကြီးက မွေးထားခဲ့တဲ့ တရားလဲရှိသေးတယ်၊ သူကလည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

သူလည်း ဖြစ်ပြီးရင် မချုပ်ပေဘူးလား. . . (ချုပ်ပါတယ်ဘုရား)။ ချုပ်သွားတော့ ဝိညာဏ်ပြီးတော့ နာမ်ရုပ်ချုပ်၊ နာမ်ရုပ်ချုပ်ပြီး သဠာယတနကော. . . (ချုပ်ပါတယ်ဘုရား)

အင်း သူလည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ

ဘုရား) အင်း ဖဿကကော. . . (ဒုက္ခသစ္စာပါဘုရား) ဝေဒနာကကော. . . (ဒုက္ခသစ္စာပါဘုရား) အင်း တဏှာကကော. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုပဲ တဏှာက ချုပ်စပ်ပေးလိုက်တာတွေဟာ၊ ကျုပ်တို့ ဘာတွေများ ချုပ်စပ်ပေးလိုက်ပါလိမ့်၊ ဒုက္ခချည့် ဆက်ပြီး စပ်ပေးတယ်. . . (မှန်ပါ့) ရိပ်မိကြပလား. . . (မှန်ပါ့)။

ဘာတွေများ ဆက်စပ်ပေးလိုက်တုံး. . . (ဒုက္ခတွေချည့် ဆက်စပ်ပေးပါတယ်ဘုရား)။

အင်း ရှေ့ သူ့လက်သပ်မွေးဦးမယ်ဆိုရင် သူဘာလုပ်ဦးမယ်ထင်တုံး. . . (ဒုက္ခတွေ ဆက်စပ်ပေးဦးမှာပါဘုရား) အင်း သူ့အကြောင်းသိပြီ ခင်ဗျားတို့. . . (မှန်ပါ့)။

သူ့အကြောင်း သိပြီ၊ မင်းတယ်ဆိုးပါလား. . . (မှန်ပါ့) မပေါ်လာသေးဘူးလား. . . (ပေါ်လာပါပြီဘုရား)။

အဲဒါသူ့ကို ထိုးထွင်းသိလာပြီ၊ မသိလာဘူးလား. . . (သိလာပါတယ်ဘုရား)။

ခင်ဗျားတို့က ဒါတွေ ဘာသစ္စာလို့ သိပါလိမ့်. . . (ဒုက္ခသစ္စာလို့ သိပါတယ်ဘုရား) ဒုက္ခသစ္စာလို့ သိတော့ကို ဒုက္ခသစ္စာကို ကျုပ်တို့က သိတာက ဒီနေရာကနေ သိတာကိုးဗျ။

သူ ချုပ်တဲ့နေရာကနေ သိတာ. . . (မှန်ပါ့) ဒီနေရာမှာ ကျုပ်တို့က မဂ်ဝင်လိုက်လို့ ဩော် ရှေ့ပိုင်းကဟာတွေ ဒုက္ခသစ္စာချည့်ပဲ သိလိုက်တော့ သူလာသေးရဲ့လား. . (မလာပါဘူးဘုရား)။

ဘယ်လိုမျှား သူသိလိုက်သတုံးဆိုတော့ ဒါဆရာဘုန်းကြီး အကူအညီနဲ့ပေါ့ဗျာ. . . (မှန်ပါ့)။

ဆရာဘုန်းကြီး အကူအညီနဲ့ ခင်ဗျားတို့ ခန္ဓာကိုယ်မြင်တဲ့ ဒုက္ခသစ္စာ၊ နာမ်ရုပ်လေးပေါ်လာရင်. . . (ဒုက္ခသစ္စာပါဘုရား)။

## ပေါ်တာဟူသ၍ ဒုက္ခသစ္စာ

ခုနက စောင့်ကြည့်နေတော့ ခန္ဓာကိုယ်ထဲ ပေါ်တာဟူသ၍ ဘာချည့်တုံး. . . (ဒုက္ခသစ္စာပါဘုရား)

အဲ သဠာယတနတွေကော. . . (ဒုက္ခသစ္စာပါဘုရား) အင်း ဖဿတွေကော. . . (ဒုက္ခသစ္စာပါဘုရား) အင်း ဝေဒနာတွေကော. . . (ဒုက္ခသစ္စာပါဘုရား)။

အင်း ဟောဒီကနေ သိသိနေတာ. . . (မှန်ပါ့) သူရှိတဲ့ အချိန်မသိဘူး၊ သူမရှိတဲ့အချိန်သိတယ်. . . (မှန်လှပါ)။

ဒါဖြင့် ဒီဟာလေးဟာ မဂ်ဖက်လို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## မဂ်ကဘာကိုပိုင်းခြားသတုံး

မဂ်က ဘာပိုင်းခြားသတုံး၊ ဟေး! မင်းလုပ်လာခဲ့တဲ့ ချုပ်စပ်တာဟူသ၍ ဒုက္ခသစ္စာချည့်ပဲလို့ မဂ်က ဝင်သိလိုက်တယ်. . . (မှန်ပါ့) မသိဘူးလား. . . (သိပါတယ်ဘုရား)။

မဂ်က ဝင်သိလိုက်တော့ ရှေ့ပိုင်းက ဟာတွေက ဘာသစ္စာဖြစ်သွားတုံး (ဒုက္ခသစ္စာပါဘုရား) အင်း သူသိတာလေးက. . . (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဖြစ်သွားတော့ကို ဒီတဏှာက ဘာဖြစ်သွားတုံး. . . (သေသွားပါတယ်ဘုရား) တဏှာသေသွားတော့ သူ့အဖော်တွေက ဥပါဒါန်လဲသေ. . . (မှန်ပါ့) ကံလည်းသေ. . . (မှန်ပါ့)။

အင်း နောက်လာမယ့် သူနဲ့ချုပ်စပ်မယ့်သူ မရှိတော့ နောက်ဇာတိကော လာသေးသလား. . . (မလာပါဘူးဘုရား)။

မလာတော့ ဇာတိတို့၊ ဇာရာတို့၊ မရဏတို့ ချုပ်ရာဘာခေါ်ကြမတုံး. . . (နိဗ္ဗာန်ပါဘုရား) ဩော်. . . ဒါဖြင့် ဒါကို ပိုင်းခြားလိုက်ရင် ပြီးတာပဲ. . . (မှန်ပါ့)။

ဒါ ခင်ဗျားတို့ ခန္ဓာကိုယ်ကို ပေါ်ရာကိုသာ ထိုင်ပြီး ဒီကနေ ပိုင်းခြားပြီးသာ ကြည့်ပေတော့တဲ့။

## မဂ်ဝင်ရောက်သွားတယ်

ကြည့်လိုက်တော့ ခန္ဓာကိုယ်ထဲပေါ်တာဟူသ၍ ဒုက္ခသစ္စာချည့်ပိုင်းခြားချတော့...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာချည့်လို့ ပိုင်းခြားချပါရော တဏှာဝင်နိုင်သေးရဲ့လား ... (မဝင်နိုင်ပါဘုရား)၊ သူ့ကို ရှိသေးရဲ့လား၊ သူနေတဲ့နေရာ မဂ်ဝင်ရောက်တယ်... (မှန်ပါ)၊ သဘောကျပလား...(မှန်ပါ)။

သူ ချုပ်မယ့်နေရာ၊ အပ်ချုပ်မယ့်လူ လာမယ့်နေရာ ကျုပ်တို့က ဘာရောက်သွားတုံး...(မဂ်ဝင်ရောက်သွားပါတယ်ဘုရား)။

မဂ်ဝင်ရောက်သွားတော့ မဂ်ကလည်း အလိုလိုဝင်တာလားတဲ့၊ ဒါတွေ ပိုင်းခြားလို့ဝင်တာလား...(ပိုင်းခြားလို့ဝင်တာပါဘုရား)။

ဘယ်သစ္စာတွေ ပိုင်းခြားလိုက်တုံး...(ဒုက္ခသစ္စာတွေ ပိုင်းခြားလိုက်ပါတယ်ဘုရား)။

အဲ ဒုက္ခသစ္စာလို့ ပိုင်းခြားတာကလည်း သူကဝင်ပြီး ပိုင်းခြားလိုက်တဲ့အတွက် သူ့နေရာမှာရှိတဲ့ တဏှာက ချုပ်တယ်...(မှန်လှပါ)။

## တဏှာကချုပ်လို့ ဥပါဒါန် ကံချုပ်တယ်

တဏှာချုပ်ရင် ဥပါဒါန်က...(ချုပ်ပါတယ်ဘုရား)၊ ကံကကော...(ချုပ်ပါတယ်ဘုရား)။

ကံချုပ်တော့ ကံကုန်ပြီး ဆက်ဦးမှာလားတဲ့... (မဆက်ပါဘူးဘုရား)၊ ဟော တဏှာက ချုပ်ပျောက်သွားပြီ ...(မှန်ပါ့)။

နို့မဟုတ်ရင် သူက အပ်ချုပ်သမား၊ ဟိုရှေ့ဆက် မလို့...(မှန်ပါဘုရား)၊ ချုပ်တော့မလို့လုပ်တုန်း ကျုပ်တို့က မဂ်နဲ့ဝင်ဖြတ်လိုက်လို့...(မှန်ပါ)၊ သဘောကျပလား... (မှန်ပါ)၊ ရှင်းပလား...(မှန်ပါ့)။

ဒါဖြင့် ဒီလိုသာလုပ်နေလို့ ကိုယ့်သန္တာန်ပေါ်တာ ထိုင်ပြီးတော့ သိတဲ့စိတ်လာလည်း ဖြစ်ပျက်ရှု၊ မသိတဲ့စိတ် လာလည်း ဖြစ်ပျက်ရှု။

အကယ်၍ ပူတဲ့ရုပ်ပေါ်လည်း ဖြစ်ပျက်ရှု၊ အေးတဲ့ ရုပ်ပေါ်လာလည်း ဖြစ်ပျက်ရှု၊ ဒုက္ခသစ္စာသာပိုင်းခြားနေပါ ကွာတဲ့၊ တဏှာ သိဗ္ဗိနီဆိုတဲ့ အပ်ချုပ်သမား သေပြီကွ... (မှန်ပါ့)။

## ဘယ်တော့ နိဗ္ဗာန်ရမှာတုံး

မသေသေးဘူးလား... (သေပါပြီဘုရား) သေတော့ဒါ ဘယ်တော့ နိဗ္ဗာန်ရမှာတုံးလို့ ငါဘုရားလာမေးနေတာ အခု ရတယ်လို့ ပြောတယ်...(မှန်ပါ့)၊ ရိပ်မိပလား... (မှန်ပါ့)။

## အခုဘ၀၊ နိဗ္ဗာန်ရပါတယ်

ဘယ်တော့ရမှာတုံး... (အခုရပါတယ်ဘုရား) ရကောမရဘူးလား... (ရပါတယ်ဘုရား) ကဲ အဲဒီတော့ ခင်ဗျားတို့ ဒုက္ခကို ရှေးဦးစွာ ပိုင်းခြားပိုင်းခြားပြီး ဒါဒုက္ခသစ္စာ အစစ်ပဲလို့၊ ဟောဒီမဂ် အစစ်ဖြစ်ပါစေ၊ ဒီဘက်ကဟာတွေ အကုန်သေတာပဲ...(မှန်ပါ့)။

အခုဘ၀ပဲ နိဗ္ဗာန်ရတာပဲတဲ့၊ ငါတာရှည်မဟောပါဘူးတဲ့၊ ရိပ်မိပလား...(မှန်ပါ့)။

**ကဲ ယနေ့ ဒီတွင် တော်ကြစို့။**

**သာဓု... သာဓု... သာဓု။**